# ကြေးမုံ The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 21 March 2024 ၁၁၄၀၇


## သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသော Vladimir Vladimirovich Putin ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြောင်း သတင်းဖော်ပြ

စာမျက်နှာ » ၃


ယနေ့ ဖတ်စရာ

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ် ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်** စာမျက်နှာ » ၄

**တပ်မတော်နှင့်ပြည်သူ တွဲလက်ညီစွာ ရန်အပေါင်းကို တူယှဉ်ကာ တိုက်ကြမှာ ....** ဆောင်းပါး စာမျက်နှာ » ၁၀

**တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေး သမားတော်နေ့ကို ဂုဏ်ပြုကြိုဆိုပါသည်** ဆောင်းပါး စာမျက်နှာ » ၁၇

**ကံပိုင်တည်ကုန်သွယ်ရေး စခန်း၏ ကုန်သွယ်မှု အခြေအနေ** စာမျက်နှာ » ၁၉




## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သည့် ဘုရားဖူး ဆရာတော်အား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုဆက်ကပ်

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

ကြေးမုံ

# ပြည်သူ့ကျန်းမာရေး လေထုအရည်အသွေး

လူတို့အသက်ရှည်ကျန်းမာရေးအတွက် သန့်ရှင်းသောလေ၊ သန့်ရှင်းသောရေ အပြည့်အဝရရှိရန် လိုအပ်သည်။ သန့်ရှင်းသောလေကို နေ့စဉ်ရှူရှိုက်ပြီး သန့်ရှင်းသောရေကို နေ့စဉ်ပြည့်ပြည့်ဝဝ သောက်သုံးနိုင်ပါမှ သက်ရှည်ကျန်းမာသော လူ့ဘဝကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ သို့သော် မြို့ပြများတွင် လူဦးရေထူထပ်လာမှု၊ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမှုတို့ကြောင့် သန့်ရှင်းသောလေနှင့်ရေကို အပြည့်အဝရရှိနိုင်ရန်မှာ ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံနှင့်တကွ ပတ်ဝန်းကျင်နိုင်ငံများ၏ မိုးသားကောင်းကင်သည် ရှေးယခင်ကာလများကဲ့သို့ မိုးသားတိမ်လိပ်နှင့် ပြာလဲ့လဲ့ကြည်လင် ကောင်းကင်ပြင်အဖြစ် မြင်တွေ့နိုင်ရန် အခြေအနေများနည်းလာသည်။ ယခုကဲ့သို့ ရာသီကာလများတွင် ကောင်းကင်တစ်ခွင်တစ်ပြင်လုံးမှာ အပြာရောင်မိုးသားကောင်းကင်ပျောက်၍ ညို့ညို့မှိုင်းမှိုင်းအုံ့ဆိုင်းနေသည်ကို အချိန်အခါမရွေး မြင်တွေ့နေရပြီဖြစ်သည်။ ဤသည်မှာ ကောင်းကင်ယံ လေထုတစ်ခုလုံး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကဲ့သို့သော အခိုးအငွေ့များ ပိတ်ဖုံးနေသည့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေခြင်းပင်ဖြစ်သည်။

ပြည်သူ့ကျန်းမာရေးအတွက် လေထုအရည်အသွေး အဆင့်သတ်မှတ်ချက်တွင် အန္တရာယ်ရှိသော အဆင့်သတ်မှတ်ချက် PM 2.5 သို့ရောက်ရှိလျှင် အထူးသတိထားနေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ပတ်ဝန်းကျင်ဒေသများ၌ ထိုအန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိနေသည်ကို အထူးသတိမူ အသိရှိကြရမည်ဖြစ်သည်။ PM 2.5 ဆိုသည်မှာ သေးငယ်သည့် အန္တရာယ်ရှိသော အမှုန်အမွှားအရွယ်အစားအဆင့်ကို ဆိုလိုသည်။ အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာ အရွယ်အစားခန့်ရှိသည့် အန္တရာယ်ရှိသော လေထုထဲမှ အမှုန်အမွှားများဖြစ်သည်။ ညအခါ၌ အလင်းရောင်ကျသည့်အခါတွင်လည်းကောင်း၊ နေ့အခါ နေရောင်ခြည်ဖြာကျနေသည့်အခါတွင်လည်းကောင်း လေထုအတွင်း၌ အမှုန်အမွှားများ လှုပ်ရှားသွားလာနေသည်ကို မြင်တွေ့နိုင်သည်။

လူတို့သည် နေ့စဉ်ပတ်ဝန်းကျင်မှ လေကိုရှူရှိုက်လျက်ရှိရာ၌ အလွန်သေးငယ်သည့် အမှုန်အမွှားဖုန်မှုန့်များကို သဘာဝအလျောက် တားဆီးထားနိုင်သော်လည်း အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာ အရွယ်အစားခန့်ရှိသည့် အမှုန်အမွှားများကိုမူ တားဆီးနိုင်ခြင်းမရှိဘဲ အသက်ရှူရှိုက်လိုက်ပြီးနောက် အဆုတ်အတွင်းသို့ ရောက်ရှိကာ ယင်းမှတစ်ဆင့် သွေးကြောများအတွင်းသို့ ရောက်ရှိသွားနိုင်သည်။ လေထုအတွင်းမှ အလွန်သေးငယ်သည့် သိပ်သည်းဆမြင့်မားသော အမှုန်အမွှားများနှင့် ထိတွေ့သည့်အခါ မျက်စိနှင့် အရေပြားတို့တွင် လောင်ကျွမ်းခြင်း၊ ယားယံခြင်းကို ဖြစ်ပေါ်စေပြီး အဆုတ်အတွင်းသို့ ရောက်ရှိသည့်အခါ ရင်ဘတ်တင်းကျပ်နာကျင်ခြင်း၊ ချောင်းဆိုးခြင်းဟူသည့် သာမန်ဝေဒနာများကို ဖြစ်ပေါ်စေသည်။

အဆိုပါရောဂါဝေဒနာလက္ခဏာများအပြင် မသန့်ရှင်းသောလေကို ရှူရှိုက်ရသဖြင့် နှလုံးသွေးကြောနှင့်ပတ်သက်သည့် ရောဂါအခံများနှင့် အဆုတ်၊ လေပြွန်ရောဂါအခံရှိသူများအတွက် ရှိပြီးရောဂါကို ပိုမိုအခြေအနေဆိုးစေပြီး အသက်အန္တရာယ်ကိုပင် ထိခိုက်နိုင်ပါသည်။ လေထုညစ်ညမ်းမှုပြဿနာသည် အထူးသဖြင့် ခြောက်သွေ့ရာသီများတွင် ဖြစ်ပေါ်လေ့ရှိပါသည်။ ကမ္ဘာ့လေထုစောင့်ကြည့်ရေးကွန်ရက်၏အဆိုအရ ထိုင်းနိုင်ငံမြောက်ပိုင်းမှ မြို့အချို့တို့သည် လေထုညစ်ညမ်းမှု အမြင့်မားဆုံးအဆင့်ရှိသည်ဟု သတ်မှတ်ထားသည်။ အဓိကအားဖြင့် ကျေးလက်များတွင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူများ ရိတ်သိမ်းခြွေလှေ့ပြီးနောက် စပါးခင်း၊ ကြံခင်း၊ ပြောင်းခင်း စသည့်စိုက်ခင်းများကို ခုတ်ထွင်းရှင်းလင်းမီးရှို့မှု၊ အမှိုက်သရိုက်များမီးရှို့မှုနှင့် တောမီးလောင်မှုများကြောင့်ဟု ဆိုထားသည်။

မြို့ပြများရှိ လေထုညစ်ညမ်းမှုကိုမူ အထူးပြောဆိုဖွယ်မရှိပေ။ မြန်မာနိုင်ငံအနေဖြင့်မူ ယခင်က မော်တော်ယာဉ်များနှင့်စက်ရုံ၊ အလုပ်ရုံများမှ ပေါ်ထွက်လာသော အခိုးအငွေ့များကြောင့်ဟု ဆိုခဲ့သော်လည်း ယခုအခါ အဆိုပါအခိုးအငွေ့များအပြင် နေအိမ်လုပ်ငန်းအသီးသီးတွင် နေ့စဉ်အသုံးပြုနေကြသည့် မီးစက်များမှ ထွက်ပေါ်နေသော အခိုးအငွေ့များမှာ မော်တော်ယာဉ်များထက်ပင် ပို၍များနေပြီဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုများ တစ်နေ့ထက်တစ်နေ့ ပိုမိုဖြစ်ပေါ်လာပြီး လူတို့၏ ကျန်းမာရေးကို ကြီးစွာထိခိုက်ခံစားမှုများ ဖြစ်ပေါ်နေသည်ကို အထူးသတိပြု ဆင်ခြင်ကြရမည်ဖြစ်သည်။

လူတို့အနေဖြင့် မိမိတို့၏ ကျန်းမာရေးထက် လူမှုစီးပွားဘဝများကို ဦးစားပေးလုပ်ကိုင်ကြရာ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှုပုံစံများအပြင် နေ့စဉ်ကျန်းမာရေးနှင့်ညီညွတ်သော အသက်ရှူရှိုက်မှုကိုပင် သတိမမူဘဲ ဇွတ်တိုးလုပ်ကိုင်နေကြရသည်။ ထို့ကြောင့် မသန့်ရှင်းသော လေထုအရည်အသွေးများကို သတိပြုမိပါက မျက်စိအကာအကွယ်၊ အရေပြားအကာအကွယ်၊ အသက်ရှူလမ်းကြောင်းအကာအကွယ်များကို တပ်ဆင်သွားလာ လုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။ ဒေသတွင်းနိုင်ငံများအနေဖြင့် လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ကာကွယ်ရေးတို့ကို ဦးစားပေးဆောင်ရွက်နေကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ကာကွယ်ရေးကို အသိတရားဖြင့်သတိထားကာ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုး-ကျော်ခိုလမ်း ၁၈/၄ မိုင်အနက် ၂/၀ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

ဘားအံ မတ် ၂၀

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁၃၇ ဒသမ ၈၁၁ သန်းဖြင့် မြေလမ်း ၃/၀ မိုင်၊ အမာခံလမ်း ၆/၀ မိုင်၊ ကျောက်လမ်း ၅/၆ မိုင်၊ ကွန်ကရစ်လမ်း ၂/၀ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၃/၀ မိုင်၊ သံကူကွန်ကရစ်တံတား လေးစင်း၊ Box Culvert ၁၈ စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ကော့ကရိတ်မြို့နယ် ထို့ကော်ကိုး-ကျော်ခိုလမ်း ၁၈/၄ မိုင်အနက် ၂/၀ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

**ရာသီမရွေးသွားလာနိုင်**

အဆိုပါ ထို့ကော်ကိုး - ကျော်ခိုလမ်း ၁၈/၄ မိုင်အနက် ၂/၀ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးမှုကြောင့် ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်တို့အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည့်အပြင် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၃၀၁၆ အိမ်၊ အိမ်ထောင်စု ၃၀၂၀၊ လူဦးရေ ၁၆၄၄၆ ဦး တို့မှာ ရာသီမရွေးသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက် အကူပြုစေပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၁,၀၅၂ | ၈,၇၉၁,၈၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၁,၉၃၇ | ၅,၅၂၄,၅၅၀ |
| MCB | ၇,၉၀၀ | ၇,၈၀၀ | ၃ | ၂၃,၅၀၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၇,၅၄၂ | ၁၀,၉၃၆,၀၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၁ | ၂,၉၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁၁ | ၁၉,၂၅၀ |
| AMATA | ၄,၆၀၀ | ၄,၉၀၀ | ၁,၈၉၈ | ၈,၇၃၇,၂၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၄၆၉ | ၈၂၀,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသော Vladimir Vladimirovich Putin ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြောင်းသတင်းဖော်ပြ



ПОЛИТИКА

**Премьер Мьянмы Мин Аун Хлайн поздравил Путина с победой на выборах**

18 Марта 2024, 08:24

Вероника Колесник

ВЫБОРЫ ВЫБОРЫ ПРЕЗИДЕНТА ВЛАДИМИР ПУТИН МЬЯНМА ПОЗДРАВЛЕНИЯ

Фото: REUTERS/Roscosmos

Премьер-министр Мьянмы Мин Аун Хлайн 18 марта тепло поздравил действующего главу РФ, самовыдвиженца Владимира Путина с убедительной победой на президентских выборах России.

«Победа Владимира Путина свидетельствует о его всенародной поддержке со стороны россиян», — указал премьер перед началом интервью первому заместителю генерального

နေပြည်တော် မတ် ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ပြုလုပ်ခဲ့ပြီး သမ္မတလောင်း လေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မဲရေတွက်မှု ၁၀၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် Vladimir Vladimirovich Putin က ၈၇ ဒသမ ၂၈ ရာခိုင်နှုန်း၊ Nikolai Mikhailovich Kharitonov က ၄ ဒသမ ၃၁ ရာခိုင်နှုန်း၊ Vladislav Andreevich Davankov က ၃ ဒသမ ၈၅ ရာခိုင်နှုန်း၊ Leonid Eduardovich Slutsky က ၃ ဒသမ ၂၀ ရာခိုင်နှုန်း ရရှိခဲ့ပြီး Vladimir Vladimirovich Putin က ပြတ်သားသည့် မဲရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထိုသို့ အနိုင်ရရှိသွားသော Vladimir Vladimirovich Putin ထံသို့ မြန်မာနိုင်ငံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်ဟု ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မီဒီယာများဖြစ်ကြသည့် TASS သတင်းဌာန၊ Izvestiya သတင်းဌာန၊ Moscow-24 သတင်းဌာန၊ Arguments and Facts သတင်းစာ၊ Kommersant သတင်းစာ၊ Krasnaya Vesna သတင်းအေဂျင်စီနှင့် Vedomosti အင်တာနက်သတင်း စာမျက်နှာတို့၌ မတ် ၁၈ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပြီး နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်ဆလင်ဒါများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂၀

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၂၁ ဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုသွေးလှူဒါန်းကြသည့် သွေးလှူရှင် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာ ရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင် ဆလင်ဒါများနှင့် ဆက်စပ်ပစ္စည်း အောက်ဆီဂျင်အိုး ၁၄၈ လုံး၊ Flow Meter ၁၅၅ ခု၊ Nasal Plane ၄၉ ခု၊ Face Mask ၆၅ ခု စုစုပေါင်း တန်ဖိုးငွေကျပ် ၅၀၀၃၈၅၀၀ အား ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၂၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး မတ် ၂၁ ရက်တွင်လည်း နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၁၄၅ ဦးတို့က ဆက်လက်ဂုဏ်ပြုသွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်း သွေးလှူဒါန်းမှု ၂၆၆ ဦး ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မန္တလေးအသင်း ( ရန်ကုန် ) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မန္တလေးအသင်း ( ရန်ကုန် ) ၏ (၄၇) ကြိမ်မြောက်နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် (၄၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း Royal Riverview Condo ရှိ အသင်းခန်းမ၌ကျင်းပရာ သဘာပတိ မန္တလေးအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်စံက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး (၁) ဦးဇော်မြင့်ဝင်းက ၂၀၂၃ ခုနှစ် အသင်းအမှုဆောင်အဖွဲ့၏အစီရင်ခံစာကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူး ဒေါ်ခင်ဥမ္မာအောင်က ဘဏ္ဍာရေးရှင်းတမ်းကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး (၁) ဒေါ်ညိုညိုခင်က အသင်း၏ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး မန္တလေးချမ်းသာကြီးအသင်းသို့ ဆွမ်းဆန်တော်နှင့် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးမစတင်မီ (၄၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အသက် (၇၅) နှစ်နှင့်အထက် ရန်ကုန်ရောက်မန္တလေး သက်ကြီးအဘိုး အဘွား ၃၀ တို့ကို အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ဂါရဝပြုကန်တော့ကြသည်။

**မျိုးမင်းသူရ**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၂၄**

**၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**
**(၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်)**

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်ခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများနှင့် ကမ္ဘာ့အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရာ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်အလို့ငှာ အောက်ဖော်ပြပါ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၅ (က) တွင် "နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပြုနိုင်သည်"ဟုပြဋ္ဌာန်းထားသဖြင့် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်တွင် ဖြည့်စွက်ပြဋ္ဌာန်းရခြင်းဖြစ်ပါသည် -

(က) **နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတံဆိပ်**
(၁) သီရိဇေယျကျော်တံဆိပ်
(၂) သီရိသိခ်ကျော်တံဆိပ်

( ခ ) **နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုတံဆိပ်**
(၁) သီရိသီဟကျော်တံဆိပ်
(၂) သီရိသူရကျော်တံဆိပ်

၂။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ချီးမြှင့်ခံထိုက်သည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းသတ်မှတ်ချက်၊ သက်ဆိုင်ရာတံဆိပ်အသီးသီး၏ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအထွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်ပါအမှတ်အသားများ၏ အဓိပ္ပာယ်ဖော်ဆောင်ချက်၊ အဆင့်ဆင့်ထောက်ခံတင်ပြရန် နည်းလမ်း၊ ဂုဏ်ပြုစာလွှာစသည်တို့နှင့်စပ်လျဉ်း၍ ပူးတွဲပါ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ် ဖြည့်စွက်ပြဋ္ဌာန်းချက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့်အညီ ထုတ်ပြန်လိုက်သည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၉ / ၂၀၂၄)**

**၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**
**(၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (င) တွင် ပါရှိသော "အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့" ဆိုသည့်စကားရပ်ကို "အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော "ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့" ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၈ ပုဒ်မခွဲ (ဃ) တွင်ပါရှိသော "ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ" ဆိုသည့်စကားရပ်တို့ကို "မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်)**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၀ /၂၀၂၄)**

**၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**
**(၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (စ) သို့မဟုတ် ပုဒ်မခွဲ(ဆ)ပါ အစားအသောက်နှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား တစ်ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

( ခ ) ပုဒ်မခွဲ (ဇ) သို့မဟုတ် (ဈ)ပါ အစားအသောက်နှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ဂ ) တရားရုံးသည်ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန်သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။"

၃။ အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။"

၄။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၀ ပါ "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းထိဖြစ်စေ" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်" ဆိုသည့် စကားရပ်ကို "ထို့ပြင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၅။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၁ ပါ "ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။"ဆိုသည့် စကားရပ်ကို "ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

✪ **ရှေ့ဖုံးမှ**

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ရက်မှစ၍ ရဟန်းရှင်လူ ဘုရားဖူး ပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူပြည်သူ ၁ ဒသမ ၅ သန်းကျော်အနက်မှ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ ဆရာတော် ဦးပညောဘာသသည် ဘုရားဖူးဦးရေ ၁ ဒသမ ၅ သန်း ပြည့်မြောက်သည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဆရာတော် ဦးပညောဘာသနှင့် ဘုရားဖူးအဖွဲ့အား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆို



ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၁ ဒသမ ၅ သန်းမြောက် ဘုရားဖူးဖြစ်သည့် ဆရာတော် ဦးပညောဘာသအား ဉာဏ်တော် ၉ လက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူဆင်းတုတော်တစ်ဆူကို အမှတ်တရဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုဆက်ကပ်စဉ်။

နှုတ်ဆက်ကြပြီး ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦး က မာရဝိဇယ ရုပ်ပွားတော် မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများ တည်ထားကိုးကွယ်မှုဆိုင်ရာများ နှင့် ဦးရေ ၁ ဒသမ ၅ သန်းမြောက် ဘုရားဖူး ဖြစ်လာရသည့် အကြောင်းအရင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များအား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။



ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၁ ဒသမ ၅ သန်းမြောက် ဘုရားဖူးဖြစ်သည့် ဆရာတော် ဦးပညောဘာသအား ဉာဏ်တော် ၉ လက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (၁၂ လက်မ ၁၈ လက်မ) မှန်ပေါင်သွင်း ဓာတ်ပုံတစ်ပုံတို့ကို အမှတ်တရ ဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုဆက်ကပ်ကြောင်း သိရသည်။

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သူ ဘုရားဖူး ဆရာတော်ဦးပညောဘာသ၏ ကြည်နူးပီတိ စကားသံများကို လည်း ယခုလို ကြားသိရပါတယ်။

**ဆရာတော် ဦးပညောဘာသ တိုက်အုပ်ဆရာတော် မိုးကုတ်ဝိပဿနာ ဓနုတ်ကျောင်းတိုက် ဒလမြို့နယ် ရန်ကုန်တိုင်းဒေသကြီး**

ဘုန်းဘုန်းအနေနဲ့ ဘုရားဖူးလာရင်း အမှတ်မထင်အခုလို ကံထူးခဲ့တဲ့အတွက် အမှတ်တမဲ့ကနေ အမှတ်တရဘဝမှတ်တမ်းတစ်ခုဖြစ်သွားခဲ့ပါတယ်။ ဘုရားကြီးကိုစပြီး အများပြည်သူ ဖူးမြော်ခွင့် ပြုလိုက်ကတည်းက ဖူးမြော်ချင်နေပေမယ့် အကြောင်းကြောင်းကြောင့် မဖူးဖြစ်ခဲ့ပါဘူး။ ဒီနေ့ဆိုရင်လည်း မနက်ပိုင်းကတည်းက လာပြီးဖူးမြော်ဖို့ စီစဉ်ထားတာပါ။ ကိစ္စလေးတစ်ခု ပေါ်လာလို့ ညနေပိုင်းမှပဲ ဘုရားကြီးကိုအေးအေးလူလူဖူးမြော်မယ်ဆိုပြီး လာခဲ့တာပါ။ မာရဝိဇယ ဗုဒ္ဓရုပ် ပွားတော်မြတ်ကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးမြော်တဲ့အခါမှာပဲ ဘဝမှာ ပထမဆုံးအမှတ်တရ ဖြစ်ခဲ့တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ အခုလိုအမှတ်တရကြုံရတဲ့ အတွက် ပိုပြီးတော့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလက်ရှိမှာလည်း အနယ်နယ်အရပ်ရပ်က ဘုရားဖူး ပြည်သူတွေအများအပြား လာရောက်ဖူးမြော်နေကြတာကို တွေ့ရတဲ့အတွက် ဝမ်းမြောက် ဝမ်းသာဖြစ်မိသလို နောက်နောင်မှာလည်း ဘုရားဖူးရင်း ဦးဇင်းလိုပဲ ဘဝအမှတ်တရတွေ ရယူနိုင်ဖို့အတွက် ဒီဘုရားကြီးကို လာရောက်ဖူးမြော်ကြဖို့ ဖိတ်မန္တက ပြုလိုက်ပါတယ်။

**သတင်းစဉ်**



## ဟိုင်းကြီးကျွန်းမြို့၌ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ဟိုင်းကြီးကျွန်း မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှေးဟောင်းသမိုင်းဝင် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၁၀ ရက် တပေါင်းလဆန်း ၁ ရက်မှစတင်ဖွင့်လှစ်၍ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ဘုရားဖူးပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းဖြစ်သည့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းအား ငပုတောမြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများမှဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးမိဘပြည်သူများအနေဖြင့် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူထားခြင်းမရှိသေးပါက အလွယ်တကူ ကောက်ယူသွားနိုင်ရေးအတွက် ယခုကဲ့သို့ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မြို့အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ အသိပညာပေး လက်ကမ်းစာစောင်များ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုကို ဟိုင်းကြီးကျွန်းမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်း (ပြန်/ဆက်)**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။

❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့်ကန်အတွင်းသို့ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။

❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။

❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။

❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။

❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။

❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။

❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။

❖ မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။

❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။

❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

★ ကျောဖုံးမှ

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်း ကော်မတီ၏ တတိယအကြိမ် အစည်းအဝေး၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံ့စီးပွား တိုးတက်လာနိုင်ရေး**

ယနေ့အစည်းအဝေးသည် လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးဖြစ်ပြီး အစည်းအဝေး ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးအခြေခံ ဒေသထွက်ကုန်များကို တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ကဏ္ဍအလိုက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး၊ ထုတ်ကုန်များကို ပြည်ပပို့ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်ဆောင်ရွက်နိုင်ရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းဖြင့် တစ်ဦးချင်း ဝင်ငွေတိုးလာပြီး နိုင်ငံ့စီးပွား တိုးတက်လာနိုင်ရေး၊ ဆီထွက်သီးနှံ၊ စက်မှုသီးနှံ၊ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဝိုင်းဝန်း အကြံပြု ဆွေးနွေးပေးနိုင်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ၏အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများက ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးလုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ကျင်းပရခြင်း ဖြစ်ကြောင်း။

ယခုအချိန်သည် မိမိတို့နိုင်ငံ၏ စီးပွားရေး ဦးမော့လာစေရန်အတွက် တွန်းအားပေးလုပ်ဆောင်လျက်ရှိသည့်ကာလဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းကဏ္ဍပေါင်းများစွာရှိပြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေး (၁/ ၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

MSME များကို အားပေးမြှင့်တင်ခြင်းသည် အရေးပါသည့်အခန်းကဏ္ဍတစ်ခုလည်းဖြစ်ကြောင်း၊ MSME လုပ်ငန်းဆိုသည်မှာ စိုက်ပျိုး မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုမှစ၍ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်နေသော စီးပွားရေးလုပ်ငန်းများဖြစ်ပြီး အဓိကအရေးပါသည့် အခြေခံလုပ်ငန်းများဖြစ်သည့်အတွက် MSMEများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေးရည်မှန်းချက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ခိုင်မာစေရေး" နှင့် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေး" နှင့် "စားရေရိက္ခာ ဖူလုံရေး" တို့ကို နိုင်ငံတော်၏ မျှော်မှန်းချက်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် စီးပွားရေး ဦးတည်ချက် (၃) ရပ် အပါအဝင် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ခဲ့ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းဒေသအသီးသီးမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြုပြီး ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးကိုလည်း လမ်းညွှန်ချက်များနှင့်အညီ ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြင့် ဒေသဆိုင်ရာအေဂျင်စီများ ပေါင်းစပ်ညှိနှိုင်း၍ စိုက်ပျိုးမွေးမြူရေးအခြေခံ ထုတ်ကုန်များကို ကဏ္ဍ(၄)ခုတွင် မူရင်းထုတ်ကုန်နှင့် တန်ဖိုးမြင့် ထုတ်ကုန်စုစုပေါင်း ၆၁၂ မျိုး ပြုစုတင်ပြထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ ဒေသထုတ်ကုန်များကို တန်ဖိုးမြင့်အနေဖြင့် ထုတ်လုပ်နိုင်မည်ဆိုပါက ထုတ်ကုန်၏ Trade Value တန်ဖိုးတက်လာပြီး ဝင်ငွေများ တိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပို့ကုန်အဖြစ် ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေရရှိပြီး နိုင်ငံ၏ GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုကို မြှင့်တင်ခြင်းအားဖြင့် ကျေးလက်နေ ပြည်သူလူထုတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တန်ဖိုးမြင့် ထုတ်လုပ်နိုင်ပါက ပြည်ပသွင်းကုန်ပစ္စည်းများကို မှီခိုနေရခြင်းမှ ကင်းလွတ်နိုင်မည်ဖြစ်ပြီး ဈေးကွက်မတည်ငြိမ်မှုကိုလည်း ထိန်းကျောင်းသွားနိုင်မည်ဖြစ်ကြောင်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှ အဆိုပြုထားသည့် ထုတ်ကုန်အမယ် ၁၀၇ မျိုးကို Action Plan ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပြုထားသည့် ထုတ်ကုန်အမယ်များအနက် ဦးစားပေး ၅၇ မျိုးကိုလည်း ရွေးချယ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်(Work Plan) များနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

**MSME လုပ်ငန်းများကို အားပေးကူညီ**

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံ့စီးပွားကို မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိလာအောင် အားပေးကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူလူထုအတွက် ထုတ်ကုန်များစွာကို ဒေသအသီးသီးတွင်ရှိသည့် MSME များက ထုတ်လုပ်ပေးခြင်းအားဖြင့် နိုင်ငံ့စီးပွား တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများအနေဖြင့် ပြည်တွင်း ထွက်ကုန်ကြမ်းများကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံအတွင်း စားရေရိက္ခာဖူလုံမှုအတွက် အဓိကထား ထုတ်လုပ်စေလိုပြီး ထိုမှတစ်ဆင့် တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်သည်အထိ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးအတွက် MSME လုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် တွေ့ဆုံပွဲ ၂၃ ကြိမ်၊ မိမိအနေဖြင့်လည်း MSME လုပ်ငန်းရှင်များဖြင့် တွေ့ဆုံပွဲ ငါးကြိမ် ပြုလုပ်ခဲ့ကြောင်း၊ တွေ့ဆုံပွဲများတွင် လုပ်ငန်းရှင်များမှ ကဏ္ဍအလိုက် လိုအပ်ချက်များ တင်ပြကြပြီး နည်းပညာ၊ ငွေကြေး အရင်းအနှီး၊ ဈေးကွက်၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာ လိုအပ်ချက်တို့ကို တင်ပြလာသည်ကို တွေ့ရှိရကြောင်း။

တင်ပြမှုများတွင် အများအားဖြင့် မြေနေရာနှင့်ငွေကြေးအရင်းအနှီး အချက်နှစ်ချက် ဖြစ်ကြောင်း၊ ဒေသ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်မှုများ ပြုလုပ်သည့်အခါ ထုတ်လုပ်မှုစရိတ်အတွက် ငွေကြေးအရင်းအနှီးက အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတို့ကို ထူထောင်ထားပြီး MSME လုပ်ငန်းများကို ငွေကြေး အရင်းအနှီး ပံ့ပိုးပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME ချေးငွေ လျှောက်ထားရာတွင် လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်မှ ထုတ်ချေးပေးထားသော MSME ချေးငွေများကို အမှန်တကယ် လိုအပ်သည့် လုပ်ငန်းရှင်များအား ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအေဂျင်စီများ အားလုံး ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးပုံစံများ အဆင့်ဆင့်ပြောင်းလဲလာမှုအပေါ် မိမိတို့နိုင်ငံရှိ MSMEများ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုင်ရာ နည်းပညာများသည်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ MSME များ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာသည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ နိုင်ငံတကာ စီးပွားရေးကွန်ရက်များနှင့် ချိတ်ဆက် ပေးနိုင်ရေး၊ ဒစ်ဂျစ်တယ် စွမ်းရည်များ မြှင့်တင်ပေးနိုင်ရေးတို့ကို အစီအမံများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSMEများ ဖွံ့ဖြိုးတိုးတက်လာစေရန် Incubation Centerများ တည်ထောင်ပြီး အစပျိုးစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးရန်၊ စွန့်ဦး တီထွင်လုပ်ငန်းရှင်များ ပိုမိုပေါ်ပေါက်လာစေရန်နှင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုများ ပိုမိုအားကောင်းလာစေရန် လုပ်ငန်းကော်မတီနှင့် အေဂျင်စီအသီးသီးက လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက် စီးပွားရေးစနစ်တွင် MSMEများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ချိတ်ဆက်နိုင်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးမှုတို့ကလည်း အသက်သွေးကြောကဲ့သို့ အလွန် အရေးပါသည့်အတွက် ဒေသအသီးသီးတွင် ဈေးကွက်များ၊ ကုန်စည်အဝယ်ဒိုင်များ ဖွံ့ဖြိုးလာစေရေး သက်ဆိုင်ရာအေဂျင်စီ အသီးသီးက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ★

❖ ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးပုံစံများ အဆင့်ဆင့်ပြောင်းလဲလာမှုအပေါ် မိမိတို့နိုင်ငံရှိ MSMEများ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုဆိုင်ရာ နည်းပညာများသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ MSME များ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လာသည်ကိုတွေ့ရှိရ

❖ MSME လုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ နိုင်ငံတကာ စီးပွားရေး ကွန်ရက်များနှင့် ချိတ်ဆက်ပေးနိုင်ရေး၊ ဒစ်ဂျစ်တယ်စွမ်းရည်များ မြှင့်တင်ပေးနိုင်ရေးတို့ကို အစီအမံများ ရေးဆွဲ ဆောင်ရွက်သွားရမည်

★ စာမျက်နှာ ၆ မှ

ထို့ပြင် MSME လုပ်ငန်းအတွက် အဓိက လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင် လုပ်သားများရရှိရေးကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင် သင်တန်းများ ဆက်လက်ပြုလုပ်ပေးရ မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ သင်တန်းအမျိုးအစားပေါင်း ၃၅၀၊ ဖွင့်လှစ်ပြီး အကြိမ်ရေ ၄၃၉၅ ကြိမ်၊ တက်ရောက်ပြီး သင်တန်းသား စုစုပေါင်း ၉၁၈၀၇ ဦးရှိပြီး တက်ရောက်ဆဲ သင်တန်း သား စုစုပေါင်း ၃၈၆၂ ဦးရှိကြောင်းကို တွေ့ရှိရကြောင်း၊ ဆက်လက်၍လည်း သက်ဆိုင်ရာ လုပ်ငန်းအလိုက်၊ ကဏ္ဍ အလိုက် ကျွမ်းကျင်လုပ်သားများ တိုးတက် ရရှိရေးအတွက် ဆက်လက်အားပေး ဆောင်ရွက်သွားကြရန် ပြောကြားလို ကြောင်း။

**ဆွေးနွေးပေးစေလို**

ယခင်လုပ်ငန်းကော်မတီ အစည်း အဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အလား အလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို OROP Action Plan တွင် အကောင် အထည်ဖော် ဆောင်ရွက်ရေး၊ MSME အားပေးမြှင့်တင်ရေး အစီအစဉ်များ၊ စက်မှုချိတ်ဆက်ဆောင်ရွက်မှု အစီအစဉ် များ၊ MSME လုပ်ငန်းရှင်များနှင့် စက်မှုဇုန် များ ချိတ်ဆက်ဆောင်ရွက်ရေးနှင့် MSME ပြပွဲ ပြိုင်ပွဲများတွင် Digital Corner များ ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို လုပ်ငန်း ကော်မတီအဖွဲ့ဝင်များအနေဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် ကြုံတွေ့ ရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း ယခုအစည်း အဝေးတွင် ဆွေးနွေးပေးစေလိုကြောင်း။

MSME များကို အားပေးမြှင့်တင်ပေး ရေး ဆောင်ရွက်ရာတွင် သေချာသည့် ကုန်ကြမ်း၊ လိုအပ်သည့်သွင်းအားစု၊ နည်းပညာ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့ ပေးမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အခြေခံ အုတ်မြစ်သဖွယ် အလေးထား စီမံပံ့ပိုးပေး သွားရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေ ရန် ဆောင်ရွက်ပေးရာတွင်လည်း MSME များ အမှန်တကယ်လိုအပ်သည့်ကျွမ်းကျင် လုပ်သားများကို TVET အစီအစဉ်များဖြင့် မွေးထုတ်ပေးခြင်းနှင့် ခေတ်နှင့်အညီ လိုအပ်လာသည့် ကျွမ်းကျင်မှုများ ဆောင် ရွက်ပေးကြရမည် ဖြစ်ကြောင်း။

ခြုံငုံဆွေးနွေးရပါက မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျောရိုးမှာ ထုတ်လုပ်မှုကဏ္ဍဖြစ် သည်ကို တွေ့ရကြောင်း၊ ကောင်းမွန်စွာ လည်ပတ်လျက်ရှိသည့် ကုန်ထုတ်လုပ်မှု ကဏ္ဍတစ်ရပ်သည် အရည်အသွေးမြင့်မား ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေး နိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်စွမ်းအား တိုးတက်မှုကိုလည်း အထောက်အကူပြု နိုင်မည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်ရေးအတွက်ကိုလည်း ကောင်းမွန် စွာ လည်ပတ်နေသည့် MSME လုပ်ငန်း များက များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှု အခန်းကဏ္ဍ ယခုထက် မြင့်မားတိုးတက်ရေးအတွက် တွေ့ကြုံရသည့် အားသာချက်၊ အားနည်း ချက်များကို လုပ်ငန်းကော်မတီမှ တစ်ဆင့် နိုင်ငံတော်အစိုးရမှ ထုတ်လုပ်မှု ကဏ္ဍစီမံချက်ကို မူဝါဒမှတစ်ဆင့် စီမံ ချက်ရေးဆွဲနိုင်ရန်အတွက် ဝန်ကြီးဌာန များနှင့် သက်ဆိုင်ရာအသင်းအဖွဲ့အစည်း များတွင်ရှိသည့် ကျွမ်းကျင်သူများနှင့် ပညာရှင်များက ထုတ်လုပ်မှုကဏ္ဍ အတွက်လိုအပ်သည့် သုတေသနလုပ်ငန်း များ လုပ်ဆောင်သွားရန် လိုကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ယခုအစည်း အဝေးတွင် ထည့်သွင်းဆွေးနွေးပေးကြ စေလိုကြောင်း။

**အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေး စနစ်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံဖြစ် ပြီး နိုင်ငံအတွက်လိုအပ်သည့် ထုတ်ကုန် များကို အပြည့်အဝ ထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များ ကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက် ပေးရန်လိုအပ်ကြောင်း၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များ အပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသ ဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူ မှုတို့ဖြင့် ထိထိရောက်ရောက်အကောင် အထည်ဖော်ဆောင်ရွက်ပြီး MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာ တွင် တွေ့ရှိရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို လုပ်ငန်းကော်မတီနှင့် နိုင်ငံတော်အစိုးရ က ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များကိုလည်း ထည့်သွင်းဆွေးနွေး ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်း ရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အလုပ်သမားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကချင် ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့မှ ဝန်ကြီးချုပ်များက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီသို့ တင်ပြမည့်အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးထား သည့် ငွေကြေးဆိုင်ရာ အချက်အလက်များ နှင့် ချေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်း များ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက်လုပ်ငန်းကော်မတီဒုတိယ ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်းက MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက် ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ၊ မိန့်မှတ်ချက်များကို သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုက်နာအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်သည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးထွန်းအုံနှင့် ဒေါက်တာ မျိုးသိန်းကျော်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသ ကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အသေးစား၊ အငယ် စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်း ဆွေးနွေး တင်ပြချက်များကို ပေါင်းစပ် ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြော ကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ သည်။

အစည်းအဝေးအပြီးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ချုပ်နှင့် အဖွဲ့ဝင်များသည် ခင်ကျင်းပြသ ထားသည့် စက်မှုဝန်ကြီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ထုတ်ကုန်ပစ္စည်း များကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စွမ်းအားမြင့်မီးဖိုဖြန့်ဝေရေးစီမံကိန်း စောင့်ကြည့်အကဲဖြတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၀**

သယံဇာတနှင့် သဘာဝပတ် ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယား သမ္မတနိုင်ငံ Climate Change Center (CCC)တို့ ပူးပေါင်း၍ တောင်အာရှနှင့် အရှေ့တောင် အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများ (မြန်မာ နိုင်ငံ) စွမ်းအားမြင့် မီးဖိုဖြန့်ဝေရေး စီမံကိန်း၏ စောင့်ကြည့်အကဲဖြတ် ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီ၊ အမြဲတမ်း အတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီး အကဲများ၊ ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC) မှ ကိုယ်စားလှယ်များ၊ ဆက်စပ် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက် ဒေသနေ ပြည်သူများဖြစ်ပြီး ထင်း၊ မီးသွေးကို အဓိကလောင်စာအဖြစ် သုံးစွဲလျက်ရှိရာ ကျေးလက်နှင့် မြို့ပြပြည်သူများ၏ နှစ်စဉ် ထင်း လိုအပ်ချက်မှာ ကုဗတန် ၁၇ သန်း ခန့် ရှိကြောင်း၊ ထင်းလောင်စာ လိုအပ်ချက် မြင့်မားလာခြင်းသည် သစ်တောသယံဇာတ ရေရှည် တည်တံ့စေရေး၊ သဘာဝတောကျန် များ ထိန်းသိမ်းရေးနှင့် သဲကန္တာရ ဖြစ်ထွန်းမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ အကောင်အထည် ဖော် ဆောင်ရွက်ရာတွင် အဓိက တွေ့ကြုံရသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်ကြောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန အနေဖြင့် ၁၉၉၇ ခုနှစ်မှ စတင်၍ ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင် ရေး၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေး၊ သဘာဝတော ကျန်များ ထိန်းသိမ်းကာကွယ်ရေး အတွက် လုပ်ငန်းစဉ်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

ယခုစီမံကိန်းအား အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Climate Change Center – CCC နှင့် ပူးပေါင်း၍ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး အသေးစား သန့်ရှင်း သော ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း စဉ်ကို အကောင်အထည်ဖော်ရန် စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် ၂၀၁၈ ခုနှစ်မှ စတင်၍ စီမံကိန်းကာလ ခြောက်နှစ် သတ်မှတ်ကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထင်းလောင်စာသုံးစွဲမှု ကို လျှော့ချနိုင်ခြင်းဖြင့် သဘာဝ တောကျန်များ ထိန်းသိမ်းရေးနှင့် အပူပိုင်းဒေသရှိ ဒေသခံပြည်သူ များ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက် ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကြောင်း၊ စီမံကိန်းကာလ အတွင်း ခရိုင် ခြောက်ခုရှိ ကျေးရွာ ၁၁၀၉ ရွာ၊ အိမ်ထောင်စု ၂၁၈၆၇၈ စုသို့ ထင်းလောင်စာသုံးစွဲမှု ၄၀ ရာခိုင်နှုန်း ချွေတာနိုင်သော စွမ်းအားမြင့်မီးဖို ၅၀၀၀၀၀ ဖြန့်ဝေရန် လျာထားကြောင်း၊ ကျေးလက်အိမ်ထောင်စု တစ်စု သည် ဖိုခုံလောက်မီးဖိုသုံးစွဲပါက တစ်နှစ်လျှင် ထင်း ၂ ဒသမ ၅ တန် လိုအပ်သော်လည်း စွမ်းအားမြင့် မီးဖိုသုံးစွဲပါက ထင်း ၂ ဒသမ ၅ တန်၏ ၄၀ ရာခိုင်နှုန်း ဖြစ်သော ထင်းတစ်တန်လျှော့နည်းသက်သာ ပြီး သဘာဝတော ၁ ဒသမ ၆၆ ဧက ထိန်းသိမ်းနိုင်ကြောင်း၊ စီမံကိန်း ကာလအတွင်း လက်ရှိကာလ အထိ စွမ်းအားမြင့်မီးဖို ၄၃၈၀၀၀ ကျော် ဖြန့်ဝေပြီး ဖြစ်သည့် အတွက် ကာဗွန်ထုတ်လွှတ်မှု တန် ၄၈၅၀၀၀ ကျော် လျှော့ချနိုင်ခဲ့ ကြောင်း၊ စီမံကိန်းကာလအတွင်း စောင့်ကြည့်အကဲဖြတ်ရလဒ်များ အပေါ်အခြေခံ၍ ပိုမိုကောင်းမွန် သော ရလဒ်များရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲတွင် စီမံကိန်းအား အကောင်အထည် ဖော် ဆောင်ရွက်နေသူများက သုတေသန စာတမ်းများနှင့် လုပ်ငန်း ဆောင်ရွက်မှုများအား ခြုံငုံဆွေးနွေးကြမည် ဖြစ်သဖြင့် တက်ရောက် လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြ ရန် တိုက်တွန်းပါကြောင်း ပြော ကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး သည် ပြသထားသော စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်သည့် သုတေသနပိုစတာများ၊ လုပ်ငန်း ဆောင်ရွက်မှုတင်ပြချက် ပိုစတာ များ၊ ထင်းအစားအခြားလောင်စာ သုံးစွဲနိုင်သည့် စိုက်ပျိုးရေးစွန့်ပစ် ပစ္စည်းများ ပြသထားမှုနှင့် စွမ်းအား မြှင့်မီးဖိုများ ပြသထားမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ် သည်များ မှာကြားခဲ့ကြောင်း သိရ သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သူနာပြုသားဖွားသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမှာကြား

## လူငယ် လူရွယ်များအနေဖြင့် သတင်းအမှားများကို ဆင်ခြင်သိ၊ တွေးတောသိဖြင့် ကြိုတင်တားဆီးကာကွယ်နိုင်ရမည်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သူနာပြုသားဖွားသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမှာကြားစဉ်။

**ရန်ကုန် မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည့် ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် သူနာပြုသားဖွား သင်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှု အန္တရာယ်"နှင့် "နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ" ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး ပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၊ သူနာပြုသားဖွားသင်တန်းကျောင်းများမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်" နှင့် "နိုင်ငံတော် တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲမှ ကျောင်းသားကျောင်းသူများ၏ အနာဂတ်လျှောက်လှမ်းရမည့်ဘဝအတွက် အသိအမြင်ကောင်းများ ရရှိစေလိုကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် မကြာမီဆေးပညာနယ်ပယ်ရပ်၌ နိုင်ငံ့တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သည့်အတွက် သတင်းတု၊ သတင်းမှားကို ခွဲခြားဆန်းစစ်နိုင်ကြစေလိုကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် မီဒီယာ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ယနေ့အချိန်အခါတွင် သတင်းတု၊ သတင်းမှားနှင့် ပတ်သက်ပြီး အရေးကြီးသည့် အချိန်အခါသို့ ရောက်ရှိနေသည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် ဆိုရှယ်မီဒီယာပေါ်မှ သတင်းအမှားများကို ဝေဖန်ပိုင်းခြားတတ်ကြရန် လိုအပ်ကြောင်း၊ အရာရာကို ဦးနှောက်ဖြင့် ချင့်ချိန်စဉ်းစားရန် လိုကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းအဆိပ်သင့်မှု အန္တရာယ်သည် မိမိတို့၏ နေ့စဉ် လူမှုစီးပွားဘဝများစွာကို သက်ရောက်ကြောင်း၊ သတင်းအမှားများကို နားယောင်ပြီး ဆုံးဖြတ်ချက်အမှား၊ ရည်ရွယ်ချက်အမှား၊ စေတနာအမှား စသည့် အမှားများစွာ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ယနေ့ လူငယ် လူရွယ်များအနေဖြင့် သတင်း အမှားများကို ဆင်ခြင်သိ၊ တွေးတောသိဖြင့် ကြိုတင်တားဆီးကာကွယ်နိုင်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် ပညာရေးကို အလေးထားပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများသည် ပြည်သူများ၏အသက်ကို စောင့်ရှောက်ကြမည့်သူများဖြစ်ပြီး အရည်အချင်းနှင့် အသိဉာဏ်မြင့်မားသူများဖြစ်၍ တန်ဖိုးထားလေးစားပါကြောင်း၊ အနာဂတ်တွင် မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များဖြင့် ပြည်သူနှင့် နိုင်ငံတော်အတွက် စေတနာထားဆောင်ရွက်သွားကြစေလိုပါကြောင်း၊ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာရပ်များကို မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဖြစ်ရန်အတွက် သတင်းအချက်အလက် အမှန်များ သိရှိရန် လိုအပ်ပါကြောင်း။

**ကောလာဟလများကို သေချာ ဆန်းစစ်ရန်လို**

အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ ရတနာများဖြစ်သည့်အတွက် သတင်းမီဒီယာ၏ တန်ဖိုးကို သိရှိနားလည်ပြီး နေ့စဉ်လူမှုဘဝကို အကျိုးရှိအောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း၊ လတ်တလောတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် သတင်း အချက်အလက်များ၊ ကောလာဟလများကို သေချာဆန်းစစ်ရန် လိုပါကြောင်း၊ မှန်ကန်သော သတင်းအချက်အလက်များကို အမြဲမပြတ်၊ မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာ၍ စိုးရိမ်ပူပန်မှု မရှိကြစေလိုကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်ကို ကာကွယ်ရန် ကိုယ်တတ်စွမ်းသည့် ကဏ္ဍအလိုက် အလှည့်ကျဖြင့် နိုင်ငံ့တာဝန်ကို ပေါ့ပါးစွာထမ်းဆောင်ရမည် ဖြစ်ပါကြောင်း၊ တည်ငြိမ် အေးချမ်းသည့် နိုင်ငံအဖြစ် ဖြတ်သန်းနိုင်ရန် မိမိတို့အားလုံး စိတ်တူကိုယ်တူဖြင့် ပြည်သူ့စစ်မှုထမ်း ဥပဒေကို ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများက တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအတွက် DTH စလောင်းငါးစုံနှင့် MRTV Set- top Boxအလုံး ၁၀၀ တို့ကို ကံစမ်းမဲဖောက်ပေးပြီး ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၊ သူနာပြု/သားဖွားသင်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၊ သူနာပြုသားဖွား သင်တန်းကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆွေးနွေးပွဲသို့ ဆေးတက္ကသိုလ်(၁)(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၁၀၀၊ ဆေးတက္ကသိုလ်(၂) (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၁၀၀၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၂၀၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၅၀၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၅၀၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၅၀၊ သူနာပြု တက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၅၀၊ ရန်ကုန်သူနာပြုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦး၊ ရန်ကုန်အရှေ့ပိုင်းသူနာပြုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦး၊ မြောက်ဥက္ကလာပသူနာပြု သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦးနှင့် ဗဟိုသားဖွားသင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၂၅ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၅၂၀ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

## မြောင်းမြမြို့နယ် ရွှေဂူကြီးဘုရား အဝင်လမ်းမှ ပြင်ရွာတိုက်နယ်နှင့် လပွတ်ကုလား ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် မတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြု ရန်ပုံငွေကျပ် ၁၃၈ ဒသမ ၃၈၀ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ရွာတိုက်နယ်ရှိ ရွှေဂူကြီး ဘုရားအဝင်လမ်းနေရာမှ ပြင်ရွာတိုက်နယ်နှင့် လပွတ်ကုလားကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းသည် ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝမ်းမြောက်ပျော်ရွှင်လျက်ရှိ**

အဆိုပါလမ်းပိုင်းသည် ပြင်ရွာတိုက်နယ်နှင့် လပွတ်ကုလား ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ၂ မိုင် ၄ ဖာလုံနှင့် ဆက်သွယ်ထားသည့် လမ်းဖြစ်ပြီး လမ်းကြောင်းတစ်လျှောက်၌ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ် ဘုရားများ၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ တည်ရှိသဖြင့် ဒေသတွင်း ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုမည့်အပြင် ပတ်ဝန်းကျင် ကျေးရွာများမှ လူဦးရေ ၁၃၆၅၀ ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်လာစေမည်ဖြစ်ကြောင်းနှင့် ဒေသထွက်ကုန်များကိုလည်း ကုန်စည်စီးဆင်းမှု လျင်မြန်စွာ ပို့ဆောင်ရောင်းဝယ်နိုင်ကြပြီဖြစ်သဖြင့် ဒေသခံများ များစွာ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ဘီးလင်းမြို့နယ်၌ မြန်မာ့ရိုးရာသိုင်းသင်တန်း(အခမဲ့)ဖွင့်လှစ်

**ဘီးလင်း မတ် ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာ့ရိုးရာသိုင်းသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဘီးလင်းမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။




သင်တန်းဖွင့်ပွဲတွင် ဘီးလင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်သန်းသန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် နည်းစနစ်မှူး ဒေါ်ဇူးဇူးလွင်က အခြေခံသိုင်း ၆၃ ကွက်အကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၁၅ ဦးအား မတ် ၂၀ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မော်လမြိုင်မြို့ ရွှေမြိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ တန် ၉၀ ကျ အဆင့်မြင့်ဆန်စက်နှင့် တန် ၁၂၀ ကျ စပါးအခြောက်ခံစက် လည်ပတ်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မတ် ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ရှိ ရွှေမြိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ တန် ၉၀ ကျ အဆင့်မြင့် ဆန်စက်နှင့် တန် ၁၂၀ ကျ စပါးအခြောက်ခံစက် လည်ပတ်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် စပါးများအား ဝယ်ယူနိုင်ရေး၊ တောင်သူများ မိုးစပါး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးတက်အောင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် သွင်းအားစုများကို သမဝါယမအသင်းများက ပံ့ပိုးပေးနိုင်ရေး၊ စက်ရုံများ စွမ်းအားပြည့် လည်ပတ်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

**စပါးအခြောက်ခံစက်ပါရှိ**

ရွှေမြိုင် ဆန်စက်တွင် တန် ၉၀ ကျ ဆန်စက်နှင့် တန် ၁၂၀ ကျ စပါးအခြောက်ခံစက်ပါရှိပြီး အဆိုပါ ဆန်စက်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်ကာ ဒေသအတွင်း ထွက်ရှိသောစပါးများကို ဝယ်ယူကြိတ်ခွဲ၍ ပြည်တွင်း ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကန်ကြီးထောင့်မြို့နယ် ဝါးဒူး-အနောက်စု ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ



**ကန်ကြီးထောင့် မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝါးဒူးကျေးရွာအုပ်စု ဝါးဒူး-အနောက်စုကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)တို့က ဝါးဒူး-အနောက်စုကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကွန်ကရစ်လမ်းဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများထံသို့ တာဝန်ရှိသူများက ပေးအပ်ကာ ကွန်ကရစ်လမ်းအား လှည့်လည်ကြည့်ရှုကြသည်။

**အကျိုးပြုသောလမ်းဖြစ်**

အဆိုပါ ကွန်ကရစ်လမ်းသည် အလျား(၀/၃) မိုင်၊ အနံ ၁၂ ပေနှင့် ဒု ခုနစ်လက်မရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Emerald Delta ကုမ္ပဏီက တင်ဒါအောင်မြင်ကာ ရန်ပုံငွေ ၁၄၄ ဒသမ ၇၅၀ သန်းဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စုရှိ ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၅၆၄ အိမ်၊ လူဦးရေ ၂၅၀၆ ဦးအား အကျိုးပြုသောလမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ သုတေသန ရလဒ်များနှင့် နည်းပညာများကို ဆက်စပ်ဌာနများ၊ ပြည်သူများနှင့် လုပ်ငန်းရှင်များထံ လွှဲပြောင်းဖြန့်ဝေမှုများကို တိုးမြှင့်ဆောင်ရွက်ရန်၊ လန်ချန်း-မဲခေါင် စီမံကိန်းအပါအဝင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းရေး ဆောင်ရွက်ရန်၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)ပါ ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် နိုင်ငံခြားပညာတော်သင် သင်တန်းများ တက်ရောက်ခဲ့ကြသည့် ဝန်ထမ်းများက အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုစစ်ဆေး**



ယင်းနောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော်၌ ဆိုလာစွမ်းအင်အသုံးပြုမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန်ရည်ရွယ်၍ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ စီမံကိန်း(၂၀၂၂)ဖြင့် တည်ဆောက်နေသော အမျိုးသားအဆင့် Solar PV Exhibition စင်တာ၊ Technology Transfer Accelerator Hub ရှိ ဆိုလာ အသေးစား လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်နှင့် လေ့ကျင့်ရေးစင်တာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အမျိုးသားဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုကာ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိရေး ဆောင်ရွက်ရန် မှာကြားပြီး တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ)ရှိ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိရန် ဆောင်ရွက်လျက်ရှိသည့် ဖိအားတိုင်းတာဓာတ်ခွဲခန်း (Pressure Laboratory)နှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO/IEC 17025) ရရှိပြီးသော ဒြပ်ထုတိုင်းတာဓာတ်ခွဲခန်း (Mass Laboratory)တို့မှ တိုင်းတာရေး ပစ္စည်းကိရိယာများနှင့် Dimensional Laboratory တွင် တရုတ်-မြန်မာ ပူးတွဲသုတေသနလုပ်ငန်း စီမံကိန်းမှ ရရှိခဲ့သည့် တိုင်းတာရေး ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဦးစီးဌာန၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ချက်များမှာ MSME လုပ်ငန်းများဆိုင်ရာ အသုံးချနည်းပညာ လွှဲပြောင်းမှု ၃၇ ခု၊ အသုံးချနည်းပညာ ဖြန့်ဝေဆွေးနွေးပွဲ ၂၇ ကြိမ်၊ အသုံးချနည်းပညာသင်တန်း ၃၁ ခုမှ သင်တန်းသား ၇၇၁ ဦးနှင့် စံချိန်စံညွှန်းသင်တန်း ၁၀ ခုမှ သင်တန်းသား ၈၃၆ ဦးတို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် စံတိုင်းတာရေးဆိုင်ရာ ဓာတ်ခွဲဝန်ဆောင်မှုများမှ ရရှိငွေ စုစုပေါင်းငွေကျပ် ၄၀၀ ဒသမ ၈၀၁၅ သန်းကို နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းနိုင်ခဲ့သည်။ ထို့အပြင် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ လက်တွေ့ကျွမ်းကျင်သင်တန်းများကို ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ စုစုပေါင်း သင်တန်း ၂၇ ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်း ၈၆၅ ဦးရှိပြီဖြစ်ပြီး ၂၀၁၈ ခုနှစ်မှစတင်၍ မြန်မာ စံချိန်စံညွှန်းများကို ချမှတ်နိုင်ခဲ့ရာ ချမှတ်ပြီး မြန်မာစံချိန်စံညွှန်း ၈၁၉ ခု ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တပ်မတော်နှင့်ပြည်သူ တွဲလက်ညီစွာ ရန်အပေါင်းကို တူယှဉ်ကာတိုက်ကြမှာ ....

လူသားတို့၏ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြား ကျန်းကျန်းမာမာအေးချမ်းသာယာစွာ အသက်ရှင်ရပ်တည်နိုင်ရေးသည် အရေးကြီးပြီး ထိုကဲ့သို့နေထိုင်လိုကြသူချည်းသာ။ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်ပေးနိုင်ရန်အတွက် သူတို့၏အသက်ခန္ဓာ၊ ကိုယ်လက်အင်္ဂါ၊ စည်းစိမ်ဥစ္စာ၊ မိဘ ဇနီး သား သမီးတို့နှင့် အေးချမ်းသာယာသောဘဝကို စွန့်လွှတ်ဝံ့သူတို့ရှိသည်။ သာမန်လူတို့လုပ်နိုင်ရန် ခက်ခဲသည့် အရာရာကိုပေးဆပ်ခြင်းဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုကြသူများသည် တပ်မတော်သားများပင်ဖြစ်၏။

**မင်းသော်**

တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝဖြင့် နှစ်ပေါင်း ၁၀၀ကျော် ဖိနှိပ်ခံခဲ့ရခြင်းတွင် မျိုးချစ်တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများစွာ ရှိသော်လည်း လွတ်လပ်ရေးရရှိသည်အထိကား အောင်မြင်မှုမရရှိခဲ့ပေ။ အဓိကအကြောင်းတရားမှာ စစ်ရေးစွမ်းအင်ပြည့်ဝသည့် တပ်မတော်မရှိခဲ့သည့်အတွက်ဟု မိမိတို့ဘိုးဘွားတို့ ကောင်းစွာသဘောပေါက်ရာမှသည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်တို့၏ ဦးဆောင်မှုနောက်ဝယ် မြန်မာ့တပ်မတော် သန္ဓေတည်ရာအစ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ပေါ်ပေါက်လာခဲ့သည်။

**လွတ်လပ်သည့် တိုင်းပြည်ဖြစ်လာ**

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်ဝင်များ၊ မျိုးချစ်လူငယ်များသည် ပင်ပန်းဆင်းရဲမှုတို့ကိုအန်တုု၍ စစ်ပညာကို သင်ယူခဲ့ကြပြီး လွတ်လပ်ရေးအတွက် အတူတကွတိုက်ပွဲဝင်ရန် လက်မောင်းသွေးဖောက် သစ္စာပြုခဲ့ကြသည်။ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ဗမာ့တပ်မတော်ကြီး၏ ဦးဆောင်မှုနှင့်အတူ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တစ်နိုင်ငံလုံး လှည်းနေ၊ လှေအောင်း၊ မြင်းဇောင်းမကျန် နယ်ချဲ့တို့ကို အတိအလင်း စစ်ကြေညာ၍ တိုက်ခိုက်ခဲ့သည့် ထိုတစ်နေ့ကို “တပ်မတော်နေ့” အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့သည်မှာ ၇၉ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုခေတ် ထိုအခါ (၂၀)ရာစု၏ တာထွက်စကတည်းကပင် ဗမာ့တပ်မတော်သည် ခက်ခဲသည့် ခရီးကြမ်းရှည်ကို ဖြတ်သန်းခဲ့ရသည်။ တစ်နိုင်ငံလုံး တိုင်းရင်းသားအပေါင်း လွတ်လပ်ရေးရရှိစေရန် အသက်သွေးချွေးပေါင်းများစွာ စတေးခဲ့သည်မှာ (၂၁)ရာစု လူငယ်များအဖို့ နမူနာကောင်းများပင်ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးသက်တမ်း သုံးလပင်မပြည့်သေး ကွန်မြူနစ်ပါတီက အစိုးရကို စတင်ပုန်ကန်သည်။



(၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား ကျင်းပစဉ်။

**လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသည့် ပြည်တွင်းစစ်မီး**

ဝါဒမတူ၊ နိုင်ငံရေးအမြင်မတူညီမှုကို အခြေခံကာ တောခိုကွန်မြူနစ်တို့ ထကြွသောင်းကျန်းခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အချို့လည်း ပေါ်ထွက်လာခဲ့သည်။ နိုင်ငံအရေးအခင်းတိုင်းတွင် မပါမပြီးသည့် တပ်မတော်မှာ မနေသာတော့ဘဲ တိုင်းပြည်အနာဂတ်အတွက် တာဝန်ယူကာကွယ်ခဲ့ရပြန်၏။ ၁၉၄၉ ခုနှစ် ဇန်နဝါရီတွင် အင်းစိန်တိုက်ပွဲ စတင်ဖြစ်ပွားသည်။ ရောင်စုံသူပုန်တို့က ပြည်မြို့ကိုသိမ်းသည်။ ပျော်ဘွယ်၊ မိတ္ထီလာ၊ မန္တလေး၊ သထုံ၊ မော်လမြိုင်စသည့်မြို့များကိုကေအန်ဒီအို၊ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော်နှင့် တောခိုသူပုန်တပ်များက သိမ်းပိုက်ထားသည်။

ထိုကာလတွင် ရောင်စုံသူပုန်များအကြား တပ်မတော်သည် ရှိစုမဲ့စုအင်အားဖြင့် ပြည်ထောင်စုအလံတော် ယိမ်းယိုင်ပြိုလဲမကျစေရေး ကျားကန်နေရဆုံးအချိန်ဟု ဆိုနိုင်ပါသည်။ သောင်းကျန်းသူများက နိုင်ငံအနှံ့အပြားကို သိမ်းပိုက်ထားသဖြင့် ရန်ကုန်အစိုးရဟုပင် ခေါ်ဝေါ်ခဲ့ကြဖူးသည်။ ထိုစဉ်က တပ်အင်အားမှာ နှစ်သောင်းသာရှိပြီး သူပုန်တို့အင်အားကား နှစ်ဆမျှပိုခဲ့သည်။ နိုင်ငံတော်ကို ကာကွယ်ရန်ဟူသည့် တပ်မတော်သားများ၏ မြဲမြံခိုင်မာသည့် စိတ်ဓာတ်ခွန်အားကိုမူ ပုန်ကန်သူတို့ အစွန်းအနားမျှမမီ။ စိတ်ဓာတ်ခွန်အားကြောင့်ပင် ပြည်တွင်း ရောင်စုံသူပုန်များကိုသာမက ပြည်ပတရုတ်ဖြူကျူးကျော်မှုကိုပါ တွန်းလှန်ရင်ဆိုင်နိုင်ခဲ့သည်။ ၁၉၈၈ခုနှစ် နိုင်ငံအရေးပေါ်အခြေအနေတွင် လည်းကောင်း၊ ၂၀၂၀ပြည့်နှစ် ရွေးကောက်ပွဲ၏ မဲမသမာမှုကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက်လည်းကောင်း တပ်မတော်ကပင် လူမုန်းခံ ကျားကန်ထိန်းသိမ်း တည့်မတ်နေခဲ့ရသည် မဟုတ်ပါလား။

**စွမ်းရည်ပြည့်ဝသည့် အနာဂတ်တပ်မတော်**

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ခေတ်အဆက်ဆက်တိုင်းတွင် ကြိုးပမ်းခဲ့ဖူးသည်။ တပ်မတော်သားတို့မည်သည့် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်ရန်အတွက် မတိုက်လျှင်မဖြစ် တိုက်ကြရသည်။ ထို့ပြင် နိုင်ငံနှင့်ပြည်သူတို့ ဘေးအန္တရာယ်များ ကြုံတွေ့ချိန်တိုင်း အသက်ကိုပဓာနမထားဘဲ လူသားချင်းစာနာထောက်ထားမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ဆောင်ရွက်နေမှုများ များစွာရှိခဲ့သည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုတိုင်း တပ်မတော်သားများ မပါ၍မပြီး၊ နိုင်ငံရပ်ခြား၌ အတိဒုက္ခရောက်ကြရသည့် မြန်မာများအတွက်လည်းကောင်း၊ ကမ္ဘာ့ကပ်ရောဂါနှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေချိန်များတွင် လည်းကောင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ မလုံခြုံဘဲ အကြမ်းဖက်သောင်းကျန်းသူများ၏ ထိပါးစော်ကားမှုတို့ကို လည်းကောင်း တပ်မတော်သားများက ရှေ့ဆုံးက အင်တိုက်အားတိုက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ကမ္ဘာတွင် နိုင်ငံတော်ကာကွယ်ရေးဟုဆိုလိုက်လျှင် စစ်ပွဲများဆင်နွှဲခြင်း တစ်ခုတည်းသာမက နိုင်ငံတကာ စစ်ပွဲသဘောတရားများ အသွင်ပြောင်းလဲလာသည်နှင့်အမျှ စစ်မှုရေးရာကျွမ်းကျင်သူများဖြစ်စေရန် နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်း၊ မူဝါဒသဘောတရားရေး နည်းလမ်းများနှင့် ဝါဒဖြန့်ချိရေး နည်းလမ်းများကိုပါ အသုံးပြုလာသည်ကို မြင်တွေ့ရသည်။ ထို့အပြင် တပ်မတော်၏အရည်အချင်းသည် လူတစ်ဦးချင်းစီ၏ စွမ်းရည်ပေါ်တွင် အခြေခံပြီး စစ်လက်နက်ပစ္စည်းများ၏ စွမ်းအားနှင့် ပေါင်းစပ်ရခြင်းဖြစ်သည့်အတွက် တပ်မတော်သားများ၏ တစ်ဦးချင်း စွမ်းရည်မြင့်မားရေးကို အလေးအနက်ထားဆောင်ရွက်ကြရသည်။

မိမိတို့ မြန်မာ့တပ်မတော်သည်လည်း ကာကွယ်ရေးကဏ္ဍကို မြှင့်တင်နိုင်ရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော် (Standard Army) အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိပြီး အနာဂတ်တပ်မတော်ကို Standard Army အဖြစ် တည်ဆောက်နိုင်ရန်လည်း အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။ တပ်မတော်အနေဖြင့် နိုင်ငံရေးလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်သည့် တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကို ပံ့ဖော်နေခြင်းပင်ဖြစ်ပါသည်။

တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်လေးချက်ကို ဦးထိပ်ပန်ဆင်ကာ စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းနေထိုင်ကြသူများဖြစ်ပြီး တပ်မတော်သည် နိုင်ငံတော်၏ ကာကွယ်ရေးအဖွဲ့အစည်းဖြစ်၍ တပ်မတော်ပြိုကွဲလျှင် နိုင်ငံလည်း ပျက်သုဉ်းရပေလိမ့်မည်။ မြန်မာနိုင်ငံ ပျက်စီးရေးကို ရှေးရှု၍ တပ်မတော်ကို ပစ်မှတ်ထား နည်းလမ်းမျိုးစုံ ပြောဆိုလုပ်ကြံသူများ၊ သပိတ်နည်းလမ်းမှသည် အကြမ်းဖက်သမားများအဖြစ် နိုင်ငံတော်နှင့် တပ်မတော်ကို ပြိုလဲအောင် အလဲထိုးတိုက်ခိုက်လိုသူများမှာ ခေတ်အဆက်ဆက် ဒုနှင့်ဒေး ရှိနေဆဲ။

**ကာကွယ်ရေးအင်အား ပိုမိုတောင့်တင်း**

အကျိုးစီးပွားအတွက်၊ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်အတွက် နိုင်ငံရေးအပါးမဝသူများ၊ ဉာဏ်အမြော်အမြင် နည်းပါးသူများကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးမှာ သမိုင်းတွင် နာမည်ဆိုးဖြင့် အရိပ်မည်းစွန်းထင်ခဲ့ရပြီ။ မဲမသမာမှုကို ဖော်ထုတ်၍ တည့်မတ်ပေးနေသည့် တပ်မတော်၏ စေတနာကို နားလည်ပေးနိုင်ဖို့ဝေးစွ၊ ရိုးသားသည့်ပြည်သူများ၊ လူငယ်များကို ပြည်ဖျက်လုပ်ငန်းစဉ်များအတွက် နောက်ကွယ်က ကြိုးကိုင်မြှောက်ပင့်ပေး၍ တိုင်းဖျက်၊ ပြည်ဖျက်လမ်းစဉ် ဖော်ဆောင်ကြသည်။

နောက်ဆက်တွဲကား ကိုယ်ကျိုးရှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ အကြမ်းဖက် PDF များက ထကြွလာကာ တစ်ရွာတစ်ဗိုလ်နည်းဖြင့် တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲစေရန်၊ ပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်ခွင့်မရစေရန်၊ တိုင်းပြည်နာလန်မထူစေရန်နှင့် မိမိတို့အကျိုးစီးပွားများအတွက် နိုင်ငံကိုခုတုံးလုပ်ကာ ပြည်ဖျက်လုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်ခဲ့ကြသည်။ လက်ရှိကာလတွင် မိမိတို့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်ပေး၍ နိုင်ငံ၏ကံကြမ္မာကို ပြောင်းလဲပေးနိုင်စွမ်းရှိသည်မှာ နိုင်ငံတော်၏ တစ်ခုတည်းသော မြန်မာ့တပ်မတော်သာ ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ❍

**“အကျိုးစီးပွားအတွက်၊ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်အတွက် နိုင်ငံရေးအပါးမဝသူများ၊ ဉာဏ်အမြော်အမြင်နည်းပါးသူများကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးမှာ သမိုင်းတွင် နာမည်ဆိုးဖြင့် အရိပ်မည်းစွန်းထင်ခဲ့ရပြီ။ မဲမသမာမှုကို ဖော်ထုတ်၍ တည့်မတ်ပေးနေသည့် တပ်မတော်၏စေတနာကို နားလည်ပေးနိုင်ဖို့ဝေးစွ၊ ရိုးသားသည့်ပြည်သူများ၊ လူငယ်များကို ပြည်ဖျက်လုပ်ငန်းစဉ်များအတွက် နောက်ကွယ်က ကြိုးကိုင်မြှောက်ပင့်ပေး၍ တိုင်းဖျက်၊ ပြည်ဖျက်လမ်းစဉ် ဖော်ဆောင်ကြ”**

# အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ဆုံးရှုံးခဲ့သူများအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade 12 ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲများကို ၁၁-၃-၂၀၂၅ ရက်နေ့မှ စတင်၍ ၁၉-၃-၂၀၂၅ ရက်နေ့ထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အခွင့်အရေးဆုံးရှုံးခဲ့ကြပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်း မဆုံးရှုံးစေရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများအား စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုမည့် နေ့ရက်နှင့် စာစစ်ဌာနများအား ထပ်မံထုတ်ပြန်သွားမည်ဖြစ်ပါသည်။ **ပညာရေးဝန်ကြီးဌာန**

## မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ကျောင်းတိုက်များနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချီးရှားကျောင်းတိုက် ဆရာတော် လှူဒါန်းသည့် အလှူငွေများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံတွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ကျောင်းတိုက်များနှင့်သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်မြို့ရှိ ချီးရှားကျောင်းတိုက် ဆရာတော် Ven. Qianze က လှူဒါန်းသည့် အလှူငွေများအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကွေ့လင်မြို့ရှိ ချီးရှားကျောင်းတိုက် ဆရာတော် Ven. Qianze က မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ကျောင်းတိုက်များနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေယွမ် ၁၂၀၀၀ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ကျောင်းတိုက်များနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေး ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကွေ့လင်မြို့ရှိ ချီးရှားကျောင်းတိုက် ဆရာတော် Ven. Qianze အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်မြို့ရှိ ချီးရှားကျောင်းတိုက်ဆရာတော် Ven. Qianze ကိုယ်စား အလှူငွေ ယွမ် ၁၂၀၀၀ ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လွှဲပြောင်းပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❍ စာမျက်နှာ ၁၀ မှ

> **မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်လူမျိုးကို ကာကွယ်လိုစိတ်ရှိသည့် လူငယ်များကြောင့် ယခုကဲ့သို့ အင်အားတောင့်တင်းစွာဖြင့် ၇၉ နှစ်တိုင် အခွန့်ရှည်တည်တံ့နေရခြင်းဖြစ်သကဲ့သို့ ယခုနှစ်တွင် ထူးခြားသည့်အခြေအနေတစ်ရပ်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ခဲ့ပြီး မကြာမီပင် ပြည်သူ့စစ်မှုထမ်းဆောင်သူများကို မြင်တွေ့ကြရတော့မည်။ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရမည့် အသိ၊ သတိများ ပိုမိုကိန်းအောင်းလာကြပြီးနောက် စစ်ရေးစစ်ရာ ကျွမ်းကျင်လာကြရာမှသည် နိုင်ငံတော်၏ ကာကွယ်ရေးကို အသက်ပေးကာကွယ် တာဝန်ယူလိုစိတ်တို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုအားကောင်းလာနိုင်မည်၊ တပ်မတော်၏အင်အားသည်လည်း တပ်နှင့်ပြည်သူ ပေါင်းစပ်မှုဖြင့် ပို၍ပို၍ တောင့်တင်းခိုင်မာလာတော့မည်ဟု မျှော်လင့်မိ**

မြန်မာ့တပ်မတော်သည် နိုင်ငံနှင့်လူမျိုးကို ကာကွယ်လိုစိတ်ရှိသည့် လူငယ်များကြောင့် ယခုကဲ့သို့ အင်အားတောင့်တင်းစွာဖြင့် ၇၉ နှစ်တိုင် အခွန့်ရှည်တည်တံ့နေရခြင်းဖြစ်သကဲ့သို့ ယခုနှစ်တွင် ထူးခြားသည့် အခြေအနေတစ်ရပ်မှာ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ခဲ့ပြီး မကြာမီပင် ပြည်သူ့စစ်မှုထမ်းဆောင်သူများကို မြင်တွေ့ကြရတော့မည်။ နိုင်ငံသားတိုင်း နိုင်ငံတော်ကာကွယ်ရမည့် အသိ၊ သတိများ ပိုမိုကိန်းအောင်းလာကြပြီးနောက် စစ်ရေးစစ်ရာ ကျွမ်းကျင်လာကြရာမှသည် နိုင်ငံတော်၏ ကာကွယ်ရေးကို အသက်ပေးကာကွယ် တာဝန်ယူလိုစိတ်တို့ကြောင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုအားကောင်းလာနိုင်မည်၊ တပ်မတော်၏ အင်အားသည်လည်း တပ်နှင့် ပြည်သူ ပေါင်းစပ်မှုဖြင့် ပို၍ပို၍ တောင့်တင်းခိုင်မာလာတော့မည်ဟု မျှော်လင့်မိသည်။

### အသက်ကိုလောင်းကြေးတင်၍ စွန့်လွှတ်စွန့်စားဝံ့သူများ

နိုင်ငံ၏ လွတ်လပ်ရေးရပြီး သမိုင်းကြောင်းတစ်လျှောက် ပြည်ထောင်စုကြီး ပြိုကွဲရေးကို တွန်းပို့သည့် ခြိမ်းခြောက်မှုများသည်ယခုမှပေါ်ပေါက်လာသည်မဟုတ်၊ မကြာခဏ ကြုံတွေ့ရစမြဲ။ အမှားနှင့်အမှန်၊ အဖြူနှင့် အမည်း မကွဲပြားခင် ဖွံ့ဖြိုးရေးလမ်းစတို့ ပျောက်ဆုံး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး အရာအားလုံး နှောင့်နှေးခဲ့ရပြီး အမျိုးသားအကျိုးစီးပွားရေးရှုမည့် ဝိသေသများ ပျောက်ဆုံးကာ ကမ္ဘာ့အလယ်တွင် သိမ်ငယ်ခဲ့ရသည်။ လက်ရှိတွင် တိုင်းရင်းသားပြည်သူများ အေးချမ်းစွာနေထိုင်ဖို့အရေး အမိနိုင်ငံတော် မပြိုကွဲစေရန် စစ်တလင်း၌ အသက်ကိုလောင်းကြေးထပ်၍ စွန့်စားပေးဆပ်နေကြသူများသည် တပ်မတော်သားများပင် ဖြစ်သည်။

ယနေ့ နိုင်ငံတော်အစိုးရသည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ ပြည်သူများအတွက် ဘဝသစ်များ ဖန်တီးပေးနိုင်ရေး အရေးကြီးဆုံးအချက်မှာ အကြမ်းဖက်မှုများ ကင်းဝေးရာ တရားဥပဒေစိုးမိုးပြီး ငြိမ်းချမ်းသည့် လူ့ဘောင်ကို တည်ဆောက်ပေးနိုင်ရေးပင် ဖြစ်ပါသည်။

မိမိတို့၏ ဘိုးဘွားတိုင်းရင်းသားလူမျိုးအားလုံးက သွေးစည်းညီညွတ်စွာဖြင့် အသက်သွေးချွေးတို့ ရင်းနှီးကာ လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်။ အချင်းချင်း အပြန်အလှန် တိုက်ခိုက်ခြင်းဖြင့် မိမိတို့၏ အချိန်များစွာ နှောင်းခဲ့ကြရပြီ ဖြစ်သည်။ စစ်သား၊ သူပုန် မည်သူထိခိုက်ကြွေလွင့်ရသည်ဖြစ်စေ နိုင်ငံသားအချင်းချင်းပင် ဖြစ်၍ အမိနိုင်ငံ၏ ရင်နှစ်သည်းချာသားသမီးများပင် ဖြစ်ကြသည်။

ရှေ့ဆက်၍ အကြမ်းဖက်လုပ်ရပ်များ ရပ်တန်းကမရပ်ဘဲ နိုင်ငံပျက်သုဉ်းသည်အထိ ဆင်ခြင်တုံတရားမဲ့သော အမှားမျိုးကိုတော့ တပ်မတော်နှင့် ပြည်သူများက အကြိမ်ကြိမ် နားလည်ခွင့်လွှတ်ပေးတော့မည်မဟုတ်ပါ။ မတူညီမှုများအကြား အပြန်အလှန် ရန်တုံ့နှင်းနေမည့်အစား တူညီသည့် ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းကိုသာ ရှေးရှုရင်း ငြိမ်းချမ်းစွာ၊ ရိုးသားပွင့်လင်းစွာ၊ အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံရေးကို မိမိတို့ကိုယ်တိုင် စဉ်းစားဆင်ခြင်ဉာဏ်နှင့် ယှဉ်ကာ ညှိနှိုင်းအဖြေရှာ လက်တွဲသွားကြမည်ဆိုလျှင် အပျော်ဆုံးလူသားများတွင် ကြည်း၊ ရေ၊ လေ စစ်သည်တော်များလည်း အပါအဝင် ဖြစ်ပေလိမ့်မည်။

### မေ့မရသောတပ်မတော်နေ့

စာရေးသူတို့ ငယ်စဉ်ကတည်းက စိတ်လှုပ်ရှားဖွယ် နေ့ရက်များအနက် တပ်မတော်နေ့ အခမ်းအနားလည်း တစ်ခုအပါအဝင်ဖြစ်သည်။ စစ်ကြောင်းအလိုက် ချီတက်လာသည့် တပ်မတော်သားများအတွက် အမျိုးသမီးများက စပယ်ပန်းကုံးများ သီကုံးကြသည်။ အောင်သပြေများဖြင့် ဆီးကြိုကြသည်။ နံနက်အရုဏ်ဦးဝယ် ဘင်ခရာတပ်ဖွဲ့မှ ထွက်ပေါ်လာသည့် အသံသည် စစ်သည်တို့ကို စိတ်ဓာတ်အားအင်ဖြည့်ပေးရုံမျှမက ပြည်သူများကိုပါ နိုင်ငံချစ်စိတ်၊ ရဲရင့်သည့်စိတ်တို့ကို ပေးစွမ်းနိုင်သည်။ တပ်မတော်နေ့အခမ်းအနားတွင် ကြည်း၊ ရေ၊ လေ စစ်ကြောင်းကြီးများ ချီတက်အလေးပြုနေသည်ကို တီဗီဖန်သားပြင်ထက်ဝယ် စိတ်လှုပ်ရှားစွာ စောင့်ကြည့်အားပေးခဲ့ဖူးသည်။

လေသူရဲများ ဝေဟင်ပေါ်တွင် အလှပြပျံသန်းနေသည်ကိုလည်းကောင်း၊ ရေတပ်မှ ပင်လယ်ပျော်တို့၏ မောင်းနှင်လာမည့် နည်းပညာမြင့် ရေယာဉ်အမျိုးမျိုးကိုလည်းကောင်း၊ ညီညာစွာ ချီတက်လာကြသည့် ကြည်းတပ်စစ်သည်တို့ကို လည်းကောင်း၊ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲမြင့်မားလာသည့် စစ်ဘက်ဆိုင်ရာနည်းပညာ အသစ်အဆန်းများကို လည်းကောင်း ပြည်သူတို့က စိတ်ဝင်တစား အားပေးကြသည်။ ထိုနေ့တွင် တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စား အနစ်နာခံမှုများကိုပြည်သူတို့က ချီးကျူးဂုဏ်ပြုကြသည်။ တိုင်းပြည်အတွက် အသက်စွန့်၍ ပေးဆပ်သွားရသော စစ်သည်တော်ကြီးများကို လေးစားအောက်မေ့ရင်း၊ ဂုဏ်ယူကျေးဇူးတင်ရင်းဖြင့် ဝမ်းနည်းဝမ်းသာဖြစ်ကြရသည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့မှသည် စစ်သည်တော်ကြီးများအားလုံး နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းရွက်ရင်း စွမ်းရည်ထက်မြက်ခြင်းနှင့် ပြည်သူချစ်သော တပ်မတော်တစ်ရပ်ပီသစွာဖြင့် ပြည်သူနှင့်အတူ ရပ်တည်ကာ တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားအတွက် အစဉ်ကာကွယ်စောင့်ရှောက်ပေးမည်ဟု ယုံကြည်ရင်း တပ်မတော်နေ့အား ဂုဏ်ပြုလိုက်ရပါသည်။ ။

# ပြည်ပသင်တန်းတက်ရောက်ခဲ့မှု အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ



နေပြည်တော် မတ် ၂၀

ပြည်ပသင်တန်း တက်ရောက်ခဲ့မှု အတွေ့အကြုံများရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှင်းလင်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အတွေ့အကြုံရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အတွေ့အကြုံရှင်းလင်းခြင်းအစီအစဉ်ကို ဆောင်ရွက်ခြင်းသည် ပြည်ပခရီးစဉ်များ သွားရောက်ခဲ့သူများမှ မိမိတို့လေ့လာခဲ့သည်များကို ပိုမိုနားလည်သိရှိနိုင်စေရန်နှင့် တက်ရောက်လာသူများအနေဖြင့် နိုင်ငံတကာက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအစီအစဉ်များကို သိရှိခွင့်ရပြီး အတုယူသင့်သည်များ၊ လေ့လာသင့်သည်များကို ဆောင်ရွက်နိုင်စေရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဦးစီးဌာန လုပ်ငန်းအပြင် ဝန်ကြီးဌာနအတွင်းရှိ အခြားဦးစီးဌာနများက ဆောင်ရွက်နေသည့် လုပ်ငန်းများအကြောင်း ပိုမိုသိရှိစေကာ ဌာနအချင်းချင်း ပူးပေါင်းလုပ်ဆောင်မှု ပိုမိုအားကောင်းစေရန် မျှော်မှန်းပါကြောင်း၊ အခြားနိုင်ငံများတွင် ဆောင်ရွက်နေမှုများကို မိမိနိုင်ငံနှင့် ကိုက်ညီစွာ ပြန်လည်အသုံးချနိုင်ရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ချင်းရိုင်မြို့တို့တွင် ဖွင့်လှစ်သည့် အာဆီယံဒေသတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများ၏ ပါဝင်မှုကဏ္ဍ အားကောင်းလာစေရေးဆိုင်ရာ သင်တန်း [Strengthening Disability-Inclusive Disaster Risk Reduction (DiDRR) in the ASEAN Region] သို့ တက်ရောက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လေ့လာဆည်းပူးခဲ့ရသော ဘာသာရပ်များနှင့် အတွေ့အကြုံများ ရှင်းလင်းမျှဝေပြီး တက်ရောက်လာသည့် ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လှိုင်ကော်မြို့၌ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



လှိုင်ကော် မတ် ၂၀

ကယားပြည်နယ် လှိုင်ကော်မြို့၏ ၂၀၂၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လှိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ၂၀၂၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်အား ရိုးရာအစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင်လည်း ပရိတ်တရားနာယူခြင်းနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် အခမ်းအနားကျင်းပရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားပြီး ဖြစ်ပါကြောင်း၊ မဟာသင်္ကြန်ပွဲတော်နှင့် အခမ်းအနားကျင်းပရာတွင် ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အချက်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းပေါင်းစပ်ပေးရန်လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးရန် ပြောကြားသည်။

ယင်းနောက် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးအောင်မျိုးသိန်းက မဟာသင်္ကြန်ပွဲတော်နှင့် အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့ကော်မတီများအလိုက် တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုအပေါ် လိုအပ်ချက်များ ဖြည့်စွက်မှာကြား၍ ကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ယူရသည့်ကဏ္ဍအလိုက် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်) ကြည့်ရှုစစ်ဆေး

မော်လမြိုင် မတ် ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်နုမြဲဇံသည် ယမန်နေ့က မွန်ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်(မော်လမြိုင်)သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ပြခန်းများခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ပြတိုက်အား အများပြည်သူ ပိုမိုစိတ်ဝင်စားလာစေရန် ခေတ်မီနည်းစနစ်များအသုံးပြု၍ ခင်းကျင်းထားရှိရန်၊ လာရောက်ကြည့်ရှုသော ပြည်သူလူထုနှင့် ကျောင်းသားကျောင်းသူများ ဗဟုသုတပိုမိုရရှိအောင် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်ရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ချစ်မြတ်နိုးထိန်းသိမ်းတတ်စေရေး တိုင်းရင်းသားတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုများကို ဖော်ထုတ်သုတေသနပြု၍ ပြတိုက်အတွင်း ခင်းကျင်းပြသထားရှိရန်၊ မွန်ပြည်နယ်အတွင်းရှိ ရှေးဟောင်းနေရာဒေသများ၊ ရှေးဟောင်းအဆောက်အအုံများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် အားကစားကွင်း၊ အားကစားရုံများ ကြည့်ရှုစစ်ဆေး

မော်လမြိုင် မတ် ၂၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်သည် ယမန်နေ့က အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) သင်တန်းသား သင်တန်းသူများ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် အားကစားကွင်း၊ အားကစားရုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်နယ်အားကစားဥယျာဉ်တွင် တည်ဆောက်လျက်ရှိသော ဘက်စုံအားကစားရုံကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရာမည အားကစားကွင်း အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး ရာမညအားကစားကွင်း/ အားကစားရုံနှင့် ကျောင်းသားအားကစားကွင်းကို ကြည့်ရှုစစ်ဆေးကာ အားကစားရုံများ ရေရှည်တည်တံ့ရေး၊ အပျက်အစီးနည်းအောင် ထိန်းသိမ်းဆောင်ရွက်ရေး မှာကြားသည်။

သတင်းစဉ်




**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ထိုင်းနိုင်ငံ ခြံဘူရီပြည်နယ် ဆီရာချာခရိုင်ရှိ ဒေသအများအပြား၌ ရေကြီးရေလျှံမှုများဖြစ်ပွား

ဗန်ကောက် မတ် ၂၀

ထိုင်းနိုင်ငံ ခြံဘူရီပြည်နယ် ဆီရာချာခရိုင်ရှိ နေရာဒေသအများအပြားတွင် ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းမှုမှ တစ်ဆင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သည်ပတ္တရားနယူးစ်သတင်းစာ၏ ပြောကြားချက်အရ သိရသည်။



## ရေကြီးရေလျှံမှုများဖြစ်ပွား

၎င်းသတင်းစာမှ သတင်းထောက်များ၏ ပြောကြားချက်အရ Nong Kham ခရိုင်ခွဲရှိ Nong Kho ဧရိယာရှိ Nong Yai Bu တံတားအောက် လမ်းဆုံတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၎င်းဒေသတွင် ရေလွှမ်းမိုးမှုပမာဏသည် ၁ မီတာနီးပါး မြင့်တက်လာသောကြောင့် ကားများနှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်ထားခဲ့ရပြီး ဆီရာချာခရိုင်ရှိ အခြားဒေသများတွင်လည်း အလားတူအခြေအနေများ ဖြစ်ပွားခဲ့သည်။ ယင်းမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နွမ်ခမ်းခရိုင်ခွဲရှိ ပင်တုံလမ်းဧရိယာ တစ်ခုလုံးတွင်လည်း ရေလွှမ်းမိုးခဲ့သည်။

မြို့တော်ဗန်ကောက်အပါအဝင် ထိုင်းနိုင်ငံ၏ ပြည်နယ်အချို့တွင် ယနေ့နံနက်ပိုင်းအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။

**ကိုးကား –သည်ပတ္တရားနယူးစ်**
**ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံအနောက်ဘက် ကမ်းလွန်လွင်ပြင်၌ တောင်ကိုရီးယား ဓာတုပစ္စည်းတင်သင်္ဘောတစ်စင်း တိမ်းမှောက်၊ သင်္ဘောသား ရှစ်ဦး သေဆုံး

တိုကျို မတ် ၂၀

ဂျပန်နိုင်ငံ အနောက်ဘက် ကမ်းလွန်လွင်ပြင်၌ တောင်ကိုရီးယား ဓာတုပစ္စည်းတင်သင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့ရာ သင်္ဘောသား ရှစ်ဦး သေဆုံးခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်မှ တာဝန်ရှိသူများက ပြောကြားသည်။



သင်္ဘောအမှုထမ်း ၁၁ ဦးပါရှိသည့် အဆိုပါသင်္ဘောသည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံအနောက်ပိုင်း ရေပြင်၌ တိမ်းမှောက်ခဲ့သည်။ သင်္ဘောသားတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ပျောက်ဆုံးနေသူ နှစ်ဦးကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်း ဂျပန်ကမ်းခြေစောင့်တပ်က ပြောသည်။

မတ် ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်တွင် ရာမာဂူချီ စီရင်စုရှိ မတ်ဆူရီဂျာမားကျွန်းအနီး၌ ဓာတုရေနံတင်သင်္ဘော Keoyoungsun မှ ဘေးအန္တရာယ် အချက်ပြမှုတစ်ခု ရရှိခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့် တပ်ဖွဲ့က ပြောကြားသည်။

ယင်းဓာတုပစ္စည်းတင်သင်္ဘောသည် ရာသီဥတုဆိုးရွားမှုကြောင့် မတ်ဆူရီ ဂျာမားကျွန်းအနီး၌ ကျောက်ချရပ်နားထားရကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဒေသတွင် လေပြင်းများ တိုက်ခတ်ခဲ့ပြီး လှိုင်းအမြင့် ၃ ဒသမ ၅ မီတာအထိ ရှိခဲ့ကြောင်းလည်း သိရသည်။

ဓာတုပစ္စည်းတင်သင်္ဘောသည် ဟွိုင်ဂိုစီရင်စုရှိ ဟီမီဂျီဆိပ်ကမ်းမှ တောင်ကိုရီးယားနိုင်ငံ ယူလ်ဆန်မြို့သို့ မတ် ၁၈ ရက်တွင် ပြန်လည်ထွက်ခွာခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

သင်္ဘောပေါ်တွင် အင်ဒိုနီးရှားနိုင်ငံသား ရှစ်ဦး၊ တောင်ကိုရီးယားနိုင်ငံသား နှစ်ဦးနှင့် တရုတ်နိုင်ငံသားတစ်ဦးတို့ လိုက်ပါခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် အက်ခရီလစ်အက်ဆစ် တန်ချိန် ၉၈၀ တင်ဆောင်လာသောကြောင့် ယိုစိမ့်မှုတစ်စုံတစ်ရာ ရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အယ်လ်ရှီဖာဆေးရုံ စီးနင်းမှုအတွင်း ဟားမတ်စ် စစ်သွေးကြွ ၅၀ ကျော် သေဆုံး

ဂျေရုဆလင် မတ် ၂၀

ဂါဇာကမ်းမြောင်ဒေသရှိ အယ်လ်ရှီဖာဆေးရုံတွင်ဆင်နွှဲသည့် စစ်ဆင်ရေးအတွင်း ဟားမတ်စ် စစ်သွေးကြွ ၅၀ ကျော် သေဆုံးပြီး ၁၈၀ နီးပါးကို ဖမ်းဆီးခဲ့ကြောင်း အစ္စရေးစစ်တပ်က ယနေ့တွင် ပြောကြားခဲ့သည်။

၎င်းဆေးရုံကို ပစ်မှတ်ထား၍ စစ်ဆင်ရေးများ စတင်ဆောင်ရွက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယင်းဖြစ်စဉ်များအတွင်း ဟားမတ်စ် စစ်သွေးကြွများသေဆုံးခဲ့ပြီး ဆေးရုံအတွင်းမှ လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ Khan Younis ရှိ Al-Qarara ဧရိယာတွင်လည်း အစ္စရေးစစ်တပ်သည် ဟားမတ်စ်အဖွဲ့၏ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ပြည်မြို့၌ အခြေခံပညာမူလတန်းအဆင့်သင် (လုပ်ငန်းခွင်ဝင်စ)ဆရာ ဆရာမများ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

ပြည် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် အခြေခံပညာမူလတန်းအဆင့်သင်(လုပ်ငန်းခွင်ဝင်စ) ဆရာ ဆရာမများ ခရိုင်အဆင့်စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပညာတံခွန်ခန်းမ၌ ပြုလုပ်သည်။

## ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ခရိုင်အတွင်း အခြေခံပညာကျောင်းများမှ မူလတန်းအဆင့်သင် ဆရာ ဆရာမ စုစုပေါင်း ၇၀၅ ဦးတက်ရောက်ပြီး သင်တန်းတွင် သင်တန်းနည်းပြ ၄၇ ဦးက အခြေခံပညာ မူလတန်းအဆင့်သင်ဆရာများ၏ စဉ်ဆက်မပြတ် လုပ်ငန်းစွမ်းဆောင်ရည်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်မှုများ အရည်အသွေးမြှင့်တင်ခြင်းကို စာတွေ့ /လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းကာလမှာ မတ် ၂၀ ရက်မှ ၂၃ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျောက်တန်းမြို့နယ်၌ မြစိမ်းရောင်ခန်းမဆောင် မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်

ကျောက်တန်း မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ဥယျာဉ်၌ မြစိမ်းရောင် (ငါးကဏ္ဍ)မှ မြစိမ်းရောင်ခန်းမဆောင်ဆောက်လုပ်ထားသော မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဥယျာဉ်ကျေးရွာ မြစိမ်းရောင်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဥယျာဉ်ကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ)ကော်မတီအဖွဲ့တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းအတိုးရငွေ၏ ၁၀ ရာခိုင်နှုန်းကို ကျေးရွာဖွံ့ဖြိုးရေးအတွက် မြစိမ်းရောင်ခန်းမဆောင်ဆောက်လုပ်ထားရှိသည့် ၆၄ ပေ x ၅၂ ပေ မြေကွက်အတွက် တန်ဖိုးငွေကျပ် ၄၅ သိန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၃-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၇၈၀ | ၂၇၇၅ | ၂၇၄၀ | ၂၇၈၀ | ၂၈၀၅ | ၂၇၈၅ | ၂၇၆၅ | ၂၈၆၅ | ၂၈၈၀ | ၂၇၇၀ | ၂၇၈၀ | ၂၈၁၅ | ၂၈၂၀ | ၂၈၂၀ | ၃၀၅၀ | ၃၁၅၀ |
| 95 Ron | ၂၈၄၅ | ၂၈၉၅ | ၂၈၉၅ | ၂၈၅၅ | ၂၈၉၅ | ၂၉၁၅ | ၂၉၀၀ | ၂၈၈၀ | ၂၉၇၅ | ၂၉၉၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၃၀ | ၂၉၃၅ | ၃၁၆၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၇ | ၂၆၉၂ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၀ |
| HSD (10 ppm) | ၂၃၆၄ | ၂၄၄၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မစပယ်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်နေ သန်းသန်းဝင်းအား နံနက် ၉ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ ၎င်း၏သားဖြစ်သူ "ကိုမျိုးမျိုး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဟိဏ်းထက်အား နံနက် ၉ နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ "Lu Soe Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပန်းဘဲတန်းရပ်ကွက်နေ လှပိုင်(ခ)အာကာမိုးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ "လေလွင့်ငှက်ငယ်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွွန်တန်ဆာမြို့ အမှတ်(၂)ရပ်ကွက်နေ ထင်လင်းအောင်အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့တွင် အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံး လျက်ရှိသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စမ်းမြို့ရပ်ကွက်၌ မတ် ၁၈ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ဆိုက်တွဲမောင်းနှင်လာသော သားအဖနှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့သည့်သတင်းနှင့် ပတ်သက်၍ လတ်တလော ကလေးမြို့ပေါ်ရှိ ရပ်ကွက်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှု များပြားလာကြောင်း အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက တစ်ဖက်သတ်စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ မတ် ၁၈ ရက် နံနက်ပိုင်းက စမ်းမြို့ရပ်ကွက် KBZ ဘဏ်ခွဲ(၂) ရှေ့၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဆိုက်တွဲမောင်းနှင်လာသည့် သားအဖနှစ်ဦး ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား သတင်းအမှန်များ အချိန်နှင့်တစ်ပြေးညီသိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းအမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် နယ်စပ်နှင့်ပြည်ပသို့ ထွက်ခွာသူများပြားနေကြောင်း ကောလာဟလသတင်းအမှားများကို ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည့်အတွက် ပြည်သူများ နယ်စပ်နှင့်ပြည်ပသို့ ထွက်ခွာသူ များပြားနေကြောင်း ကောလာဟလ သတင်းအမှားများကို ပြည်ဖျက် NUG အဖွဲ့က ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







အဆိုပါ ကောလာဟလ သတင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒိုတာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်အလို့ငှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း စစ်ပညာသင်ကြား တတ်မြောက်ပြီး နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှု ထမ်းဆောင်ကြမည်ကို ပြည်ဖျက် NUG အဖွဲ့မှ မနာလိုမရှုဆိတ်ဖြင့် အဖျက်သဘောဆောင်ကာ နိုင်ငံသူ၊ နိုင်ငံသားများ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များကို မဟုတ်မမှန် ကောလာဟလသတင်းများဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ လူငယ်လူရွယ်များ ဝင်ရောက်လာစေရန် စည်းရုံးသိမ်းသွင်းနေခြင်းသာဖြစ်သည်။

ထို့ပြင် အကြမ်းဖက်အဖွဲ့အစည်းများကလည်း **တောမီးလောင်တောကြောင် လက်ခမောင်းခတ်ဆိုသကဲ့သို့** နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို အခွင့်ကောင်းယူ၍ ပြည်သူများကို ဒလန်ဟု စွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် အများပြည်သူ အသုံးပြုသွားလာနေသည့် လမ်းများပေါ်တွင် မိုင်းထောင်ထားရှိခြင်း စသည့်အကြမ်းဖက် လုပ်ရပ်များဖြင့် ပြုမူလုပ်ဆောင်လျက်ရှိရာ ယခုအခါတွင်လည်း နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ ဖြစ်ကြသည့် သက်ဆိုင်ရာ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ တာဝန်ရှိသူများကို ခြိမ်းခြောက် အကျပ်ကိုင်လျက်ရှိသည်။

ထို့ကြောင့် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက် အဖွဲ့အစည်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားတတ်မြောက်မှု မရှိစေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ခြင်းမရှိစေရန် လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိရာ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် စစ်မှုထမ်းဆိုင်ရာ အသိပညာပေး သတင်းများ၊ ထုတ်လွှင့်ချက်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိပြီး https://mod.gov.mm/node/74 တို့တွင်လည်း ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့၌ စစ်မှုထမ်းစာရင်းများကောက်ခံရာတွင် အမျိုးသမီးများကိုပါ ကောက်ခံလျက်ရှိကြောင်း ကောလာဟလ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့၌ စစ်မှုထမ်းစာရင်းများကောက်ခံရာတွင် အမျိုးသမီးများကိုပါ ကောက်ခံလျက်ရှိကြောင်း ကောလာဟလသတင်းတု၊သတင်းအမှားများကို ပြည်သူများ စိုးရိမ်စိတ်များဖြစ်ပေါ်စေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်၍ အသိပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ပြည်သူအများ သိရှိနိုင်စေရေးအတွက် စနစ်တကျလုပ်ဆောင်ပေးလျက်ရှိကြောင်းနှင့် အမျိုးသမီးများ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အကောင်အထည်ဖော်ရာ၌ လတ်တလောတွင် အမျိုးသမီးများကို စစ်မှုထမ်းရန်အတွက် ခေါ်ယူရန်အစီအစဉ်မရှိသေးကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည်များကို https://mod.gov.mm/node/74တွင် လေ့လာနိုင်ကြောင်းတို့ကို Mobile ဖုန်းများသို့ SMS (စာတိုပေးပို့ခြင်း)ဝန်ဆောင်မှုများဖြင့် အများပြည်သူထံသို့ ပေးပို့အသိပေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း တရားမဝင်ပြည်ဖျက်မီဒီယာများက အရှက်ဂုဏ်သိက္ခာကင်းမဲ့စွာ လုပ်ကြံဖန်တီး ရေးသားနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

စစ်မှုထမ်းဆိုင်ရာနှင့် ပတ်သက်၍ လူအချို့က ငွေတောင်း၍ လိမ်လည်မှု ပြုလုပ်လျက်ရှိကြောင်း သိရှိရပြီး ပြည်သူများအနေဖြင့် လိမ်လည်မှုများမှ




ရှောင်ရှားနိုင်ရန်နှင့် အခြေအမြစ်မရှိသည့်သတင်းအမှားများကြောင့် လူငယ်လူရွယ်များ လမ်းမှားမရောက်စေရန်အတွက် စစ်မှုထမ်းဆိုင်ရာသတင်းများ သိရှိနားလည်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများကို စဉ်ဆက်မပြတ် ထုတ်လွှင့် အသိပေးလျက်ရှိကြောင်း https://mod.gov.mm/node/74 တို့တွင်လည်း ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှား-မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၀

ရုရှား-မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ကျင်းပသည်။



အဆိုပါ ရုရှား- မြန်မာ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ရုရှားဖက်ဒရေးရှင်းတပ်မတော် ဥပဒေရေးရာဝန်ဆောင်မှုအကြီးအကဲ Mr. Bezbabnov Oleg Gennadievich၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး Colonel Sergey Semenovich Kurchenko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းဆွေးနွေးပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ရုရှားဖက်ဒရေးရှင်းတပ်မတော် ဥပဒေရေးရာဝန်ဆောင်မှုအကြီးအကဲ Mr. Bezbabnov Oleg Gennadievich တို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး ရုရှား-မြန်မာနှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဥပဒေဆိုင်ရာများဖြစ်သည့် ရုရှားနိုင်ငံ၏ စစ်ဘက်ဥပဒေစနစ်နှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ စစ်ဘက်တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခြင်းများ၊ မေးခွန်းမေးမြန်းခြင်းများ ညှိနှိုင်းဆွေးနွေးခဲ့ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့ပြင် ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က Mr. Bezbabnov Oleg Gennadievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၀

TNLA အဖွဲ့များသည် ဒေသခံတိုင်းရင်းသားလူငယ်များကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ကာ စစ်သင်တန်းများတက်ရောက်စေပြီး စစ်မှုတာဝန်များ ထမ်းဆောင်စေခြင်းကြောင့် သောင်းကျန်းသူအဖွဲ့တွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိသော တိုင်းရင်းသားလူငယ်များ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ထိုသို့ TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်း တက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသား လူငယ်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားလူငယ် သုံးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်ရာ တိုင်းရင်းသား လူငယ်များက လက်ခံရယူကြပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ရာ မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသား လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘူးသီးတောင်မြို့ရှိ ရပ်ကွက် / ကျေးရွာများမှ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်ရှိ မြို့၊ ရွာများအတွင်း တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

နေပြည်တော် မတ် ၂၀

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ နေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များအား တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ သာသနိက အဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းတို့၏လုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထိုသို့ ကန့်ကွက်ရှုတ်ချလျက်ရှိရာ မတ် ၁၉ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ရပ်ကွက်/ကျေးရွာများမှ ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဘင်္ဂါလီလူမျိုးအင်အား ၂၀၀၀ ကျော်သည် အဆိုပါမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ စုဝေးပြီး ၎င်းစုရပ်နေရာမှ မေယုလမ်းမကြီး – နတ်ပင်ရင်းလမ်းဆုံ – ဦးဥတ္တမလမ်းနှင့် နာရီစင်လမ်းဆုံအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ကြကာ ညနေ ၆ နာရီခန့်တွင် အေးချမ်းစွာ လူစုခွဲခဲ့ကြသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် **“AA အလိုမရှိ၊ တိုက်ပွဲအလိုမရှိ၊ ဘူးသီးတောင်မြို့ကိုကာကွယ်ကြ၊ ကျွန်ုပ်တို့သည် ပြည်တွင်းစစ်ကိုမလိုလားပါ၊ ဒီနေရာတွင် မည်သည့်စစ်ပွဲမှ မပြုလုပ်ရ”** စသည့် ကြွေးကြော်သံများကို မြန်မာ/ဘင်္ဂါလီ နှစ်ဘာသာဖြင့် သံပြိုင်ကြွေးကြော်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်






# ပန်းတနော်မြို့ လူထုအခြေပြုဗဟိုဌာန၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

ပန်းတနော် မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုမောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမများက လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး၊ သဘာဝခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ လက်သန့်ဆေးရည်၊ Body Scrub စသည့် ပြုလုပ်နည်းများကို မတ် ၂၀ ရက်မှ ၂၄ ရက်အထိ သင်တန်းသား ၂၀ တို့အား စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အကြို (၁၅၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၀

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အကြို (၁၅၅) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံ၌ ကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တကုလနန္ဒာစက္ကလင်္ကာရ နှင့် သံဃာတော်များ၊ ဓမ္မာစရိယကျောင်းတိုက်မှ သံဃာတော်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ နေပြည်တော်သာသနာရေးမှူး၊ ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြပြီး သုခဝိဟာရသရက်ကုန်း ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များ ရွတ်ဖတ်ပူဇော်သည့် ရတနသုတ်၊ မေတ္တာသုတ်ပရိတ်တရားတော်နှင့် ဘုရားဂုဏ်တော်များကို နာယူ၍ ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားမှူးက နတ်ပြဟ္မာများကို ပြန်လည်ပို့ဆောင်ပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကာ ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ပိဋကသုံးပုံပါဠိတော်ကျမ်းစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၀

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထား ကိုးကွယ်လျက်ရှိသော မာရဝိဇယ ဘူမိဖဿ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ် အတွင်း၌ ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထု ပူဇော်ထားသည့် ပိဋကသုံးပုံပါဠိတော်များကို မြန်မာ/ရိုမန် အက္ခရာနှစ်မျိုးဖြင့် စိစစ်တည်းဖြတ် ခဲ့ကြသော "နာယကအဖွဲ့ဆရာတော်ကြီးများ"နှင့် "စိစစ်တည်းဖြတ်ရေး လုပ်ငန်းကော်မတီမှ ဆရာတော်ကြီးများ" အား ပိဋကသုံးပုံပါဠိတော် ကျမ်းစာအုပ်များနှင့် Tablet များ ဆက်ကပ်လှူဒါန်း ခြင်းနှင့် ပရိယတ္တိစာသင်တိုက်ကြီးများ၊ သာသနာ့ တက္ကသိုလ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမည့် ပိဋကသုံးပုံပါဠိတော် ကျမ်းစာအုပ်များ အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စိစစ်တည်းဖြတ် ရေးနာယကအဖွဲ့ဝင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရထံမှ ငါးပါး သီလခံယူဆောက်တည်ကြကာ ကြွရောက်တော် မူလာကြသော ဆရာတော်၊ သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပိဋကပါဠိတော်ကျမ်း ၅၃ ကျမ်းတို့ကို ပါဠိ၊ ရိုမန် နှစ်ဘာသာဖြင့် ကျောက်စာရေးထိုးရာတွင် ဆဋ္ဌသင်္ဂါယနာမူနှင့် ကိုက်ညီစေရန် စိစစ်တည်းဖြတ် ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာ စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ပိဋကသုံးပုံပါဠိတော် ကျမ်းစာအုပ် များနှင့် Tablet များ ဆက်ကပ်လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းလျှောက်ထားပြီး ကြွရောက် တော်မူလာကြသော ဆရာတော်၊ သံဃာတော်များ အား ပုံနှိပ်ပြီးဖြစ်သော ပိဋကသုံးပုံပါဠိတော်ကျမ်း စာအုပ်များ၊ Tablet များနှင့် နဝကမ္မလှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးက ပရိယတ္တိစာသင်တိုက် ကြီးများ၊ သာသနာ့တက္ကသိုလ်များနှင့် ဘုန်းတော်ကြီး ကျောင်းများသို့ လှူဒါန်းမည့် ပိဋကသုံးပုံပါဠိတော် ကျမ်းစာအုပ် ၉၆၃ စုံအား သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းရာ ဒုတိယ ဝန်ကြီး ဦးအေးထွန်းက လက်ခံရယူပြီးနောက် ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်စကား လျှောက်ထား သည်။

ထို့နောက် စိစစ်တည်းဖြတ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်း လိုက်ကြောင်း သိရသည်။

သတင်းစဉ်

# ရမည်းသင်းမြို့နယ် ရွှေမြင်တင်တောင်တော်မြတ်ဘုရား (၁၂၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ကျင်းပ

ရမည်းသင်း မတ် ၂၀

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြမြင်းနား ကျေးရွာအုပ်စု ဂေဇက်ဝင်နှင့် သာသနာသမိုင်းဝင် ရွှေမြင်တင် တောင်တော်မြတ်ဘုရား (၁၂၄) ကြိမ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်း ပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘုရား အဝင်မုခ်ဦးရှေ့၌ ကျင်းပသည်။

**နိုင်ငံကျော်အဆိုတော်များဖြင့် ဖျော်ဖြေမည်**

ဖွင့်ပွဲအခမ်းအနားကို ဆရာ တော်၊ သံဃာတော်များနှင့် တက် ရောက်ကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်၊ ဩဝါဒါစရိယဆရာ တော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဂေါပကဥက္ကဋ္ဌအဖွဲ့တို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ကြသည်။ တပေါင်း ပွဲတော်ကြီးကို တပေါင်းလဆန်း ၁၂ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ဗလာဇာတ်ပွဲ၊ နိုင်ငံ ကျော်အဆိုတော်များဖြင့် စည်ကား သိုက်မြိုက်စွာ ညှော်ခံ ဖျော်ဖြေမည် ဖြစ်ကြောင်းနှင့် တပေါင်းလပြည့် နေ့ညနေ ၃ နာရီတွင် သံဃာတော် အပါး ၅၀၀ ကျော်တို့အား ဆွမ်းဆန် စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

၁၄၄



# မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် မတ် ၂၀

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

# ဇမ္ဗူအေးမြို့ဦးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်မြတ်ကြီးနှင့် အရံစေတီ ၁၆ ဆူအား လှည့်လည်ပူဇော်

မှော်ဘီ မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာရှိ မြို့နယ်လုံးဆိုင်ရာသာသနာ့ဗိမာန်တော်ကြီး ပရဝဏ်အတွင်း တည်ထား ကိုးကွယ်မည့် ဇမ္ဗူအေးမြို့ဦးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်မြတ် ကြီးနှင့် အရံစေတီ ၁၆ ဆူအား ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ်အတွင်း သို့ လှည့်လည်ပူဇော်ခဲ့ကြောင်း သိရသည်။

**စတင်တည်ထား**

ဇမ္ဗူအေးစေတီတော်မြတ်ကြီးနှင့် အရံစေတီ ၁၆ ဆူကို အောင်ဇမ္ဗူ တောရဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာနနာယက(ဂျပန်ဘုရား) ဆရာတော်ကြီးက ဦးဆောင်၍ ဗောဓိရိပ်ငြိမ်ဆရာတော်၊ မြို့နယ်သံဃ နာယကဥက္ကဋ္ဌ ဆရာတော်နှင့် ဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (ဂျပန်)ဘုရားဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုဖြင့် ၂၀၂၃ ခုနှစ် ဇွန် ၂ ရက်တွင် အုပ်မြစ်ချ စတင်တည်ထားခဲ့ကြောင်း သိရသည်။

လှည့်လည်ပူဇော်ရာတွင် မတ် ၂၀ ရက်မှ ၂၂ ရက်အထိ မှော်ဘီ မြို့နယ်အတွင်းရှိ ပြည်လမ်းနှင့် လမ်းမကြီးများတစ်လျှောက် ရပ်ကွက်/ ကျေးရွာများအလိုက် လှည့်လည်ပူဇော်မည်ဖြစ်သည်။

စေတီတော်မြတ်ကြီးမှာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတူ ဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ ပန်းတင်ခုံအထက် ၃၆ ပေ၊ အရံစေတီ တော် ၁၆ ဆူ ဝန်းရံလျက် ရင်ပြင်တော် အလျားပေ ၁၀၀၊ အနံ ၇၆ ပေ အကျယ်အဝန်းဖြင့် ခံ့ညားသပ္ပာယ်စွာ ကိန်းဝပ်စံပါယ်တော်မူလျက် ရှိပြီး မတ် ၂၄ ရက်တွင် စေတီတော်မြတ်ကြီးအထွတ်သို့ ရွှေထီးတော် မြတ်ကြီး တင်လှူပူဇော်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။



ဝင်းဇော်(မှော်ဘီ)

# တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ဂုဏ်ပြုကြိုဆိုပါသည်

ဒေါက်တာစုစုဒွေး - ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအများ ယုံကြည်အားထားသည့် တိုင်းရင်းဆေးပညာ ဘက်စုံမြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ဘက်ပေါင်းစုံအရှိန်အဟုန်မြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းဆေးပညာသည် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ရန် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အမျိုးသားရေးဆေးပညာတစ်ရပ် ဖြစ်ပါသည်။**

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီ ရှည်လျားခဲ့သော တော်ဝင်ဆေးပညာဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ် စသည့်မြန်မာရှင်ဘုရင်များလက်ထက်က ချီးမြှင့်မြှောက်စားခံခဲ့ရသော တော်ဝင်ဆေးပညာအဖြစ် တည်ရှိခဲ့ပါသည်။ တိုင်းရင်းဆေးသမားတော်ကြီးများ၊ မှူးမတ်ပညာရှိကြီးများနှင့် ကျမ်းပြုသုတေသီများ၊ ရဟန်းပညာရှိ၊ လူပညာရှိကြီးများ၏ မှတ်တမ်းတင်ပြုစုပျိုးထောင်ခဲ့သည့် အကျိုးကျေးဇူးများကြောင့် တိုင်းရင်းဆေးပညာ အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်း သမိုင်းအထောက်အထားများဖြင့် တွေ့မြင်ခဲ့ခြင်းဖြစ်ပါသည်။

**❝ မျိုးဆက်သစ် လူငယ်တိုင်းရင်းဆေးသမားတော်များအနေဖြင့် ခေတ်အဆက်ဆက်က လက်ဆင့်ကမ်းသယ်ဆောင်လာသည့် တိုင်းရင်းဆေးသမားတော်ကြီးများ၏ တိုင်းရင်းဆေးပညာလောကအပေါ် တာဝန်ကျေခဲ့သည့်ကျေးဇူးတရားများကို ယခုလို တပေါင်းလပြည့်တိုင်းရင်းဆေးသမားတော်နေ့မှာ ပြန်ပြောင်းသတိရအောက်မေ့ပြီး ရှေးရှေးသမားတော်ကြီးများကို အလေးဂရုဂါရဝထားပြီး အမှတ်ရနေစေရန်နှင့် ကျေးဇူးဆပ်သည့်အနေဖြင့် ခေတ်အဆက်ဆက်က တိုင်းရင်းဆေးသမားတော်ကြီးများ တိုင်းပြည်အပေါ် တာဝန်ကျေခဲ့ကြသလို မျိုးဆက်သစ်လူငယ်တိုင်းရင်းဆေးသမားတော်များကလည်း ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက် ❞**

### အစဉ်အလာမပျက် ကျင်းပ

တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ခေတ်အဆက်ဆက် သမားတော်ကြီးများက အစဉ်အလာမပျက် ကျင်းပခဲ့ကြပါသည်။ တပေါင်းလပြည့်နေ့သည် နေ လ နက္ခတ်တို့ တစ်ပြိုင်နက်တည်းကျရောက်ပြီး သက်ရှိလူသားများ နေကို စတင်တွေ့ရှိရသောနေ့ဖြစ်သည့်အတွက် နေနှင့် လ အပူနှင့် အအေး စတင်ဖြစ်တည်လာခြင်းကို မှတ်ယူခဲ့ကြသည်ဟု ကမ္ဘာဦးကျမ်းက ဆိုထားပါသည်။ ကမ္ဘာဦးကျမ်းဖြစ်သည့် အာဒိကပ္ပကျမ်းကြီးအဆိုအရ နေကို စတင်တွေ့ရှိသဖြင့် အပူအအေးညီညွတ်မျှတပြီး မပူလွန်း မအေးလွန်းသောကြောင့် သက်ရှိသတ္တဝါများအပေါ် ကျန်းမာရေးညီညွတ်မျှတမှုဖြင့် စောင့်ရှောက်ပေးမှုကို ဖြစ်စေပါသည်။ ၎င်းအပြင် အပူ အအေး ဖောက်ပြန်ပြီး ညီညွတ်မျှတမှုမရှိသည့်အခါ ရောဂါဝေဒနာခံစားရမှုများကို တွေ့ရှိရမည်လည်း ဖြစ်ပါသည်။ ၎င်းဝေဒနာများ သက်သာပြီး လူသားတို့အတွက် ကျန်းမာရေးညီညွတ်မျှတသော နေ့ဖြစ်၍ တပေါင်းလပြည့်နေ့ကို မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ဟု ခေတ်အဆက်ဆက် အသိအမှတ်ပြုကျင်းပလာခြင်း ဖြစ်သည်ကို သိရှိမှတ်သားခဲ့ရပါသည်။

တပေါင်းလပြည့်နေ့တွင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟု၊ ကိတ် ဂြိုဟ်ကြီးကိုးလုံးနှင့် အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ စသော နက္ခတ် ၂၇ လုံး ကြယ်တာရာနက္ခတ်များ ပြည့်စုံစွာ တပေါင်းတစုတည်း ထွက်ပေါ်တည်ရှိလာသော အချိန်အခါလည်း ဖြစ်ပါသည်။ ၁၂ လ ရာသီတွင်လည်း တပေါင်းလသည် လများ၏အကြီးအမှူးဖြစ်ကြောင်းကို **“တပေါင်းသာခေါင် လများနောင်”** ဟု အဆိုရှိခဲ့ကြောင်း သိရှိရပါသည်။ မြန်မာ့သမိုင်းမှတ်တမ်းများအရလည်း ရှေးခေတ်အဆက်ဆက် ရဟန်းပညာရှိ၊ လူပညာရှိ တိုင်းရင်းဆေးသမားတော်များ ပေါ်ထွန်းခဲ့ပါသည်။ ရဟန်းပညာရှိ၊ လူပညာရှိများထဲမှ ထင်ရှားသောပညာရှင်ကြီးအချို့အားကောက်နုတ်ဖော်ပြရလျှင် ပေထက်အက္ခရာတင် စာပေအထောက်အထားများအရ အင်းဝခေတ်တွင် ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အဂ္ဂသမာဓိတို့၏ ထင်ရှားသော ရဟန်းပညာရှိများ ရေးသားခဲ့သည့် ပျို့၊ ကဗျာ၊ လင်္ကာများတွင် တိုင်းရင်းဆေးပညာ၊ ဆေးဝါး၊ ကုထုံးများကို တွေ့ရှိရမည်ဖြစ်ပါသည်။

တောင်ငူခေတ်တွင် တောင်ဖီလာဆရာတော်ကြီး၊ ညောင်ရမ်းခေတ်တွင် ရွှေဥမင်ဆရာတော်ကြီးနှင့် နေရင်းဆရာတော်ကြီး၊ ကုန်းဘောင်ခေတ်တွင် နရသုခိဆရာကြီး၊ တောင်တွင်းကြီးဆရာတော် မကာရလောပအကျော် ခင်ကြီးဖျော်၊ သက်ပန်းဆရာတော်ကြီး၊ ခွေးဆောင်ဆေးကျမ်းပြုစုသည့် သမားတော်ကြီး ဦးမြတ်ထွန်းတို့မှာ ထင်ရှားသည့် တိုင်းရင်းဆေးသမားတော်ကြီးများ ဖြစ်ကြပါသည်။ ၎င်းအပြင် မောင်းထောင်သာသနာပိုင်ဆရာတော်ကြီး၊ နယငါးတွဲကို ရေးသားသည့် ဝန်စာရေးတော်ကြီး ဦးကောင်း၊ လင်္ကာရာမဆရာတော်၊ ဘင်္ဂလားဆရာတော်၊ ယောအတွင်းဝန်ဦးဘိုးလှိုင်၊ နန်းတွင်းသမားတော်ကြီးများဖြစ်သည့် ဆရာမှုန့်၊ ခတ်ဆရာကြီးဦးပို၊ ဆရာကြီး ဦးစံဝင်း၊ ဦးနှောင်း၊ ဦးမှိုင်း၊ ဦးကဲ၊ ဦးစု၊ ဦးနက်၊ ဦးဖိတ်၊ ဦးတူ၊ ဦးခဲ၊ ဦးပေါတို့မှာ ထင်ရှားသည့် ဘုရင့်သမားတော်များ ဖြစ်ကြပါသည်။ ၎င်းအပြင် နန်းတွင်းသမားတော်ကြီး ဆရာမှုန့်အား မင်းတုန်းမင်းတရားကြီးက **“တိကိစ္ဆကဆေက ဘိသက္ကရာဇာ”** ဟူသော နန်းတွင်းသမားတော်ဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။

### သမိုင်းမှ သက်သေပြ

နန်းတွင်းသမားတော်ကြီး ဆရာမှုန့်၏ တပည့်များထဲမှ ထင်ရှားကျော်ကြားသည့် တိုင်းရင်းသမားတော်ကြီးများမှာ ကိုလိုနီခေတ်တွင် များစွာပေါ်ထွက်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းသူပြည်သားများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးသမားတော်ကြီးများက များစွာပြုစုစောင့်ရှောက်ခဲ့ကြရသည်မှာ သမိုင်းမှ သက်သေပြနေပါသည်။ တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ခဲ့သည့် တိုင်းရင်းဆေးသမားတော်ကြီး ဂဠုန်ဆရာစံမှာလည်း တိုင်းရင်းဆေးသမားတော်တစ်ဦးဖြစ်ပြီး တိုင်းရင်းဆေးကျမ်းများကို ရေးသားခဲ့သည့် တိုင်းရင်းဆေးသမိုင်းဝင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးပညာအခန်းကဏ္ဍများကို အားပေးချီးမြှောက်မှုများ ရှိခဲ့ရာ နိုင်ငံတော်က တိုင်းရင်းဆေးသမားတော်များအတွက် ဥပဒေများ ရေးဆွဲချမှတ်ပေးခဲ့ခြင်း၊ ဆေးပညာပြန့်ပွားရေးအတွက် ရုံးများ၊ မြို့နယ်များတွင် ဆေးခန်းများဖွင့်လှစ်ပေးခဲ့ခြင်း ဆောင်ရွက်ခဲ့ပြီး **တိုင်းရင်းဆေးဆရာများကို ခေတ်မီနည်းစနစ်များနှင့်ပေါင်းစပ်ပြီး အရိုးကို အရွက်မဖုံးသည့် တိုင်းရင်းဆေးသမားတော် လူငယ်မျိုးဆက်သစ်များမွေးထုတ်ပေးရန်** နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် တိုင်းရင်းဆေးသမားတော်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်မှုများဖြင့် တိုင်းရင်းဆေးသိပ္ပံကျောင်းကို တည်ထောင်ဖွင့်လှစ်ကာ ခေတ်မီတိုင်းရင်းဆေးသမားတော်များ မွေးထုတ်ပေးခဲ့ပါသည်။ တိုင်းရင်းဆေးသိပ္ပံကျောင်းကြီး၏ သက်တမ်းနှစ် ၃၀ ကျော်အကြာတွင် ဘွဲ့၊ ဒီဂရီ အဆင့်အထိ ချီးမြှင့်နိုင်သည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို အဆင့်မြှင့်ဖွင့်လှစ်ခဲ့ပြီး ဘက်စုံတော်သည့် တိုင်းရင်းဆေးသမားတော်လူငယ်မျိုးဆက်သစ်များကို မွေးထုတ်ပေးလျက်ရှိနေပြီ ဖြစ်ပါသည်။

### ပြန်ပြောင်းသတိရအောက်မေ့

မျိုးဆက်သစ် လူငယ်တိုင်းရင်းဆေးသမားတော်များအနေဖြင့် ခေတ်အဆက်ဆက်က လက်ဆင့်ကမ်းသယ်ဆောင်လာသည့် တိုင်းရင်းဆေးသမားတော်ကြီးများ၏ တိုင်းရင်းဆေးပညာလောကအပေါ် တာဝန်ကျေခဲ့သည့်ကျေးဇူးတရားများကို ယခုလို တပေါင်းလပြည့်တိုင်းရင်းဆေးသမားတော်နေ့မှာ ပြန်ပြောင်းသတိရအောက်မေ့ပြီး ရှေးရှေးသမားတော်ကြီးများကို အလေးဂရုဂါရဝထားပြီး အမှတ်ရနေစေရန်နှင့် ကျေးဇူးဆပ်သည့်အနေဖြင့် ခေတ်အဆက်ဆက်က တိုင်းရင်းဆေးသမားတော်ကြီးများ တိုင်းပြည်အပေါ် တာဝန်ကျေခဲ့ကြသလို မျိုးဆက်သစ်လူငယ်တိုင်းရင်းဆေးသမားတော်များကလည်း ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခြင်း၊ ကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် စဉ်ဆက်မပြတ်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် တာဝန်ကျေစွာ အလုပ်အကျွေးပြုကြရန် လိုအပ်လှသည်ဖြစ်ကြောင်း **တပေါင်းလပြည့်နေ့ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့**ကို ဂုဏ်ပြုကြိုဆိုလျက် တင်ပြလိုက်ရပါသည်။ ။



## ဥပဒေရေးရာအင်္ဂလိပ်စာနှင့် အပြည်ပြည်ဆိုင်ရာဥပဒေသင်တန်းဖွင့်

**ထားဝယ် မတ် ၂၀**

ဥပဒေရေးရာအင်္ဂလိပ်စာနှင့် အပြည်ပြည်ဆိုင်ရာဥပဒေသင်တန်း အမှတ်စဉ် (၁/၂၀၂၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကိုယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးအုန်းသန်းက သင်တန်းသားများအနေဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် သင်တန်းဖွင့်လှစ်ခြင်းမရှိသော ယခုသင်တန်းကို တက်ရောက်ခွင့်ရရှိသည်မှာ ဂုဏ်ယူစရာဖြစ်ကြောင်း၊ သင်တန်းတွင် ဥပဒေရေးရာအင်္ဂလိပ်စာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ International Law ကို ပညာရှင်တစ်ဦးဖြစ်သည့် ဥပဒေအရာရှိက ၎င်း၏အတွေ့အကြုံနှင့်ပေါင်းစပ်ပြီး သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ပို့ချချက်များသည် အခြေခံသာဖြစ်သောကြောင့် မိမိတို့အနေဖြင့် ဆက်လက်လေ့လာသင်ယူသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ထားဝယ်ခရိုင်ဥပဒေရုံးနှင့် ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ လုပ်ငန်းစွမ်းဆောင်မှုအရည်အသွေးပိုမိုတိုးတက်စေရန်နှင့် ဥပဒေရေးရာအင်္ဂလိပ်စာ တတ်ကျွမ်းနားလည်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ရည်ရွယ်၍ မတ် ၂၂ ရက်အထိ ဥပဒေအရာရှိ သင်တန်းသားသင်တန်းသူများအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# နှစ် (၅၀) ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများတွင် ကဏ္ဍအလိုက် ပြခန်းပြသဆောင်ရွက်မှုများမှ စကားသံများ

**တွေ့ဆုံမေးမြန်း -ခင်စန်းမြင့် (ပြန်/ဆက်)၊ ဓာတ်ပုံ -အောင်မျိုးသူ**

နှစ် (၅၀) ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများတွင် ကဏ္ဍအလိုက် ပြခန်းပြသဆောင်ရွက်မှုများမှ MSME ထုတ်ကုန်ပြခန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဒေသထွက်သစ်သီးဝလံပြခန်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်-



ဦးစိုးဝင်း (ပြည်နယ်မီးသတ်ဦးစီးမှူး)

**ဝန်ဆောင်မှုကဏ္ဍကြီး**
**ဦးစိုးဝင်း၊ ညွှန်ကြားရေးမှူး**
**(ပြည်နယ်မီးသတ်ဦးစီးမှူး)**

**မေး။ ။အခုကျင်းပပြုလုပ်တဲ့ ပြခန်း ပြသဆောင်ရွက်မှုနဲ့ပတ်သက်လို့ ပြောကြားပေးပါ။**

**ဖြေ။** ။ပြခန်းပြသထားတာကတော့ နှစ် (၅၀) ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အနေနဲ့ ကဏ္ဍကြီးခြောက်ခုနဲ့ ဌာနဆိုင်ရာတွေ၊ အသင်းအဖွဲ့တွေက ပြသသွားမှာ ဖြစ်ပါတယ်။ ပြသဆောင်ရွက်ထားတဲ့ ကဏ္ဍကြီးတွေကတော့ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ MSME ကဏ္ဍတို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ဝန်ဆောင်မှုကဏ္ဍမှာ အစိုးရအဖွဲ့ကနေမှ တာဝန်ခံအနေနဲ့ ပါဝင်တဲ့ ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ပေးဖို့ တာဝန်ပေးအပ်ထားတာ ဖြစ်ပါတယ်။ ဝန်ဆောင်မှုကဏ္ဍကြီးမှာကတော့ ဌာနဆိုင်ရာ ၁၀ ခု ရှိပါတယ်။ အထူးသဖြင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ၊ သဘာဝဘေးအန္တရာယ်တွေ၊ ပြည်သူတွေကို ကူညီစောင့်ရှောက်တဲ့ အဖွဲ့အစည်းတွေ၊ ပြည်သူတွေအတွက် အသိပညာပေး ဝန်ဆောင်မှုကဏ္ဍဖြစ်တဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍတွေပါဝင်တဲ့ ပြခန်း ၁၀ ခုနဲ့ ဖွဲ့စည်းထားပြီး ဆောင်ရွက်ပြသသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ဝန်ဆောင်မှုကဏ္ဍ ပြခန်းပြသခြင်းဖြင့် ပြည်သူတွေအတွက်ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်ပါသလဲ။**

**ဖြေ။** ။ကျွန်တော်တို့ကတော့ ပြည်သူလူထုကို အခြေခံပြီး ဘေးအန္တရာယ်အမျိုးမျိုး စတဲ့ လုံခြုံရေးပါမကျန် ဆောင်ရွက်ပေးသလို အသိပညာဗဟုသုတတွေကိုပါ ပြည်သူတွေရရှိသွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ယဉ်ကျေးမှုရှေးဟောင်းအမွေအနှစ်တွေရဲ့ အစဉ်အလာတွေကိုလည်း ပြည်သူတွေသိရှိသွားမှာဖြစ်သလို လူမှုဝန်ထမ်းနဲ့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတို့မှ စောင့်ရှောက်ရေး၊ ထောက်ပံ့ပေးနေမှုတွေကို သိရှိနားလည်သွားမှာဖြစ်ပါတယ်။

**မေး။ ။ပြည်သူတွေအတွက် ပြောစရာစကားတွေ ရှိရင် ပြောကြားပေးပါ။**

**ဖြေ။** ။နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ကနေ ဦးဆောင်ပြီးတော့ ဌာနဆိုင်ရာ အသင်းအဖွဲ့အစည်းတွေ ပူးပေါင်းပြီးတော့ ပြည်သူတွေရဲ့ ဖျော်ဖြေမှုတွေ၊ ဝန်ဆောင်မှုတွေ၊ ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့အစဉ်အလာတွေ၊ နောက်ပြီး ရိုးရာအက၊ အဆို၊ အတီးတွေနဲ့ ထူးထူးခြားခြားစည်ကားသိုက်မြိုက်စွာ ဖော်ထုတ်ပြသ ထားပါတယ်။ ဒ့ါအပြင် မွန်ပြည်နယ်ရဲ့ ထုတ်ကုန်တွေဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေး၊ စက်မှုလုပ်ငန်းတွေကိုလည်း ပြသထားတာဖြစ်တာကြောင့် ပြည်သူတွေလာရောက်ပြီး လေ့လာကြတာကို တွေ့ရပါတယ်။



ဦးသိန်းထိုက် (ဒုတိယညွှန်ကြားရေးမှူး)

**MSME ကဏ္ဍ**
**ဦးသိန်းထိုက်(ဒုတိယညွှန်ကြားရေးမှူး)**
**ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

**မေး။ ။မွန်ပြည်နယ်နေ့ ပြခန်းခင်းကျင်းပြသဆောင်ရွက်မှုအကြောင်း ပြောကြားပေးပါ။**

**ဖြေ။** ။ကျွန်တော်တို့မှာ အကုန်လုံးဆိုရင် ပြခန်း စုစုပေါင်း ၂၁ ခန်းကို ပြသဆောင်ရွက်ထားပါတယ်။ အဓိကတော့ ဒေသတစ်ခုထွက်ကုန်တစ်ခုဖြစ်တဲ့ ရော်ဘာ၊ မွန်ရိုးရာအထည်၊ ဆားလုပ်ငန်း၊ ယိုမျိုးစုံ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းက ထုတ်ကုန်ပစ္စည်းတွေ ရော်ဘာအခြေခံပစ္စည်းတွေ စက်မှုဇုန်ထုတ်ပစ္စည်းတွေကို အဓိကအနေနဲ့ ပြသဆောင်ရွက်ထားတာဖြစ်ပါတယ်။

**မေး။ ။MSME ပြခန်းပြသခြင်းကြောင့် ပြည်သူတွေအတွက် ရရှိနိုင်မယ့်အကျိုးကျေးဇူးလေး ပြောကြားပေးပါ။**

**ဖြေ။** ။ပြည်သူတွေရရှိနိုင်မယ့် အကျိုးကျေးဇူးတွေကတော့ ကျွန်တော်တို့ မွန်ပြည်နယ်မှာ ဘာကုန်ပစ္စည်းတွေထုတ်တယ်၊ နောက်ပစ္စည်းတွေ ဝယ်ချင်တယ်ဆိုလို့ရှိရင် လုပ်ငန်းရှင်တွေနဲ့ တိုက်ရိုက်ဆက်သွယ်ချိတ်ဆက်ပေးဖို့ ပိုမိုလွယ်ကူမှာ ဖြစ်ပါတယ်။ စက်မှုကြီးကြပ်အနေနဲ့ MSME ချေးငွေကိစ္စတွေနဲ့ မြို့နယ်တွေကို ဆင်းတဲ့အခါမှာ ဒီထုတ်ကုန်အကြောင်းကို အမြဲဆွေးနွေးပေးတာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။



ဦးမျိုးမင်းထွန်း (ဒုတိယပြည်နယ်မှူး)

**သစ်သီးဝလံပြခန်း**
**ဦးမျိုးမင်းထွန်း(ဒုတိယပြည်နယ်မှူး)**
**ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန**

**မေး။ ။ဒေသထွက် သစ်သီးဝလံပြခန်းပြသဆောင်ရွက်ထားရှိမှုလေးတွေ ပြောပြပေးပါ။**

**ဖြေ။** ။ကျွန်တော်တို့ စိုက်ပျိုးရေးဌာနအနေနဲ့ သစ်သီးဝလံပြခန်းကို ကြီးကြပ်ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒီမှာကတော့ ပြခန်းနှစ်ခုနဲ့ မြေဆီလွှာ၊ ပိုးမွှားကာကွယ်ရေး၊ မျိုးစေ့အကြောင်းအရာတွေကို အဓိကပြသထားပါတယ်။ ကျွန်တော်တို့မွန်ပြည်နယ်မှာ စိုက်ပျိုးရေးကထွက်ရှိတဲ့ သစ်သီးတွေ အများပြည်သူတွေ လေ့လာရအောင် စိုက်ပျိုးတောင်သူတွေရဲ့ အခက်အခဲတွေကို ပညာပေးဖို့နဲ့ မွန်ပြည်နယ်မှာ စိုက်ပျိုးထွက်ရှိတဲ့ နည်းပညာနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို သိရှိအောင် ပြသဆောင်ရွက်ထားတာ ဖြစ်ပါတယ်။

**မေး။ ။ပြည်သူတွေအတွက် ပြောချင်တဲ့စကားလေးရှိရင်ပြောပေးပါရှင့်။**

**ဖြေ။** ။ကျွန်တော်တို့ပြခန်းကို လာရောက်ကြည့်ရှုတဲ့ ပြည်သူတွေအနေနဲ့ မျိုးစေ့နဲ့ နည်းပညာတွေကို သိရှိအောင် တောင်သူတွေ အကူအညီလိုအပ်ပါက ကျွန်တော်တို့ဌာနနဲ့ အချိန်မရွေး ဆက်သွယ်နိုင်အောင် ခင်းကျင်းပြသပေးထားတာ ဖြစ်ပါတယ်။



ဦးတင်ထွန်းအောင် (ညွှန်ကြားရေးမှူး)

**စက်မှုကဏ္ဍကြီး**
**ဦးတင်ထွန်းအောင်(ညွှန်ကြားရေးမှူး)**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်စည်များညွှန်ကြားမှုဦးစီးဌာန**

**မေး။ ။ပြခန်းကိုတာဝန်ယူ ခင်းကျင်းပြသဆောင်ရွက်မှုလေး သိပါရစေ။**

**ဖြေ။** ။မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီက မွန်ပြည်နယ် အတွင်းမှာ ခွင့်ပြုထားတဲ့ လုပ်ငန်းအချို့တွေကို နှစ် (၅၀) ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ်မှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ပြသဖို့ ကျွန်တော်တို့က တာဝန်ယူပြီးတော့ စက်ရုံတွေကို ညှိနှိုင်းဆောင်ရွက်ပြသထားတာ ဖြစ်ပါတယ်။

**မေး။ ။စက်မှုကဏ္ဍကြီးမှာ ပြခန်းဘယ်နှခန်းနဲ့ ဆောင်ရွက်ပြီး ဘယ်ဌာနတွေ ပါဝင်ပါသလဲ။**

**ဖြေ။** ။ကျွန်တော်တို့မှာကတော့ စက်မှုကဏ္ဍကြီး ပြခန်းပေါင်း ၁၀ ခန်း ရှိပါတယ်။ ဝန်ကြီးဌာနတွေကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ ကျေးလက်ဒေသနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ ပြခန်းတို့ပဲ ဖြစ်ပါတယ်။ ဒီဖော်ပြထားတဲ့ ဌာနတွေက မွန်ပြည်နယ်အတွင်းမှာ ဆောင်ရွက်နေတဲ့ အခြေအနေတွေ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီးတော့ ရော်ဘာစက်ရုံ၊ ဆိုင်ကယ်ထုတ်လုပ်တဲ့စက်ရုံ၊ အထပ်သားထုတ်လုပ်တဲ့ သစ်ပါးလွှာစက်ရုံတို့က ထုတ်ကုန်ပစ္စည်းတွေကို ခင်းကျင်းပြသဆောင်ရွက်ထားပါတယ်။ ။






# ဆိပ်ဖြူမြို့နယ်၌ ဆောင်းကုလားပဲသီးနှံစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

ဆိပ်ဖြူ မတ် ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ဆိပ်ဖြူမြို့ အနောက်ပိုင်း ရွာသစ်ရပ်ကွက်နှင့် ကိုးထောင့်၊ အောက်ဆိပ်၊ ချင်တောင်၊ မြင်ကဝ၊ ဝွေးပင်၊ ကူရှည်၊ အလယ်စု/ရွာမ၊ လိပ်ခြံ အုပ်စုအတွင်းရှိ ကျေးရွာတို့တွင် စိုက်ပျိုးရေးကို အခြေခံ၍ သီးနှံမျိုးစုံ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံများကို ဒုတိယအများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းသီးနှံ ကုလားပဲကို မြစ်ရေဝင် ကိုင်းကျွန်းမြေများ၊ ကြက်သွန်ခင်းကျွတ်များ၊ လယ်ကွဲမြေစပါးခင်းကျွတ်များတွင် နှစ်စဉ်စိုက်ဧက ၃၀၀၀ ခန့် စိုက်ပျိုးပြီး စိုက်ပျိုးသည့်မျိုးအနေဖြင့် ထိုင်ဝမ် ကုလားပဲလုံးကြီး(အဖြူ)မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကုလားပဲသီးနှံသည် စိုက်ပျိုးရာတွင် လွယ်ကူပြီး ကုန်ကျစရိတ်နည်း၍ အထွက်နှုန်း ကောင်းမွန်ခြင်းအပြင် ဈေးကွက်ခိုင်မာမှု ရှိသည့်အတွက် ဘဏ္ဍာနှစ် ၂၀၂၃-၂၀၂၄ တွင် စိုက်ဧက ၄၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆောင်းကုလားပဲသီးနှံကိုအောက်တိုဘာလနှင့်နိုဝင်ဘာလ တို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် ရိတ်သိမ်းကြကြောင်း၊ ကုလားပဲသီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၆၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၀-၂၂ တင်းထွက်ရှိပြီး သီးနှံပေါ်ချိန်၌ ဒေသတွင်း ကုလားပဲဈေးကွက်တွင် ကုလားပဲတစ်တင်းလျှင် ငွေကျပ် ၈၂၀၀၀ ဖြင့် ရောင်းချရ၍ ဝင်ငွေကျပ် ၁၆၄၀၀၀၀ ခန့်ရရှိပြီး ငွေကျပ် ၁၀၄၀၀၀၀ ခန့်အမြတ်ရရှိကြောင်း ဒေသခံတောင်သူ တစ်ဦးထံမှ သိရသည်။

ကုလားပဲသီးနှံသည် သီးနှံပေါ်စမှ ရာသီကုန်ချိန်အထိ ဈေးကွက်ခိုင်မာမှုရှိ၍ သီးနှံပေါ်စအချိန် ဖေဖော်ဝါရီလလယ်တွင် ကုလားပဲတစ်တင်းလျှင် ငွေကျပ် ၈၈၀၀၀ ပေါက်ဈေးရှိပြီး ဈေးကွက်၌ ပြည်တွင်းဝယ်လိုအားနည်းပါး၍ တစ်တင်းလျှင် ငွေကျပ် ၇၈၀၀၀ အထိ ဈေးနှုန်းကျဆင်းခဲ့ရာ မတ်လ ဒုတိယ ပတ်တွင် လှောင်လက်သမားများ အဝယ်လိုက်လာ၍ ကုလားပဲ အုပ်စုဈေးနှုန်း အနည်းငယ်မြင့်တက်လာပြီး တစ်တင်းလျှင် ငွေကျပ် ၈၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ကုလားပဲဈေးနှုန်း အနည်းငယ်ကျဆင်းသော်လည်း အထွက်နှုန်းကောင်းမွန်၍ ကုလားပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိသောကြောင့် ဈေးနှုန်းဈေးကွက် ခိုင်မာမှုရှိသော ကုလားပဲသီးနှံကို တောင်သူများ တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။



# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် မတ် ၂၀

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် မတ်လကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ၂၀ ဒေါ်လာသန်းနှင့် သွင်းကုန် ၂ ဒသမ ၅၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၂၂ ဒသမ ၅၀ ဒေါ်လာသန်း ဖြစ်သည်။

မတ် ၁၈ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၂၂ ဒသမ ၅၉၃ ဒေါ်လာသန်းနှင့် သွင်းကုန် ၂ ဒသမ ၁၀၉ ဒေါ်လာသန်း စုစုပေါင်း ၂၄ ဒသမ ၈၅၅ ဒေါ်လာသန်း ဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၁၀ ဒသမ ၆၀၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် မတ် ၁၇ ရက်မှ ၁၈ ရက်အထိ တစ်သျှူးငှက်ပျော တန် ၆၅၉၀၊ ရွှေဖရုံသီး ၂၆၂ တန်၊ ငရုတ်သီး ၁၁၇ တန်၊ ကြက်သွန်နီ ၂၀၄ တန်၊ သန့်စင်ပြီးသံမှုန့် ၅၆ တန်၊ စကျင်ကျောက် ဆင်းတု ၃၁ တန်နှင့် အင်ကြင်းကျောက် ရှစ်တန်တို့ တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe၊ Iron Pipe၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၁၅၄ ဒသမ ၄၉ တန်၊ လုပ်ငန်းသုံးပစ္စည်း ၁၄ ဒသမ ၆ တန်နှင့် လူသုံးကုန်ပစ္စည်း ၁၅၆ ဒသမ ၄ တန်တို့ တင်သွင်းနိုင်ခဲ့သည်။

# ဂျပန်ပဲယဉ်း(နီ)သီးနှံ စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

ဆိပ်ဖြူ မတ် ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ကြပြီး ရွာသစ်ရပ်ကွက်ရှိ တောင်သူများသည် ကိုင်းကျွန်းမြေများတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပြည်ပဝယ်လိုအားကောင်းပြီး ဈေးကွက်ခိုင်မာလျက်ရှိသော ဂျပန်ပဲယဉ်း(နီ) သီးနှံများကို တောင်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ ရွာသစ်ရပ်ကွက်ရှိ တောင်သူများသည် ကြက်သွန်နီ၊ မြေပဲ၊ ပဲမျိုးစုံ စသည့်သီးနှံများကို အဓိကထား စိုက်ပျိုးကြပြီး ဂျပန်ပဲယဉ်း(နီ) သီးနှံကို စိုက်ဧကအနည်းငယ်သာ စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင် လွယ်ကူ၍



ကုန်ကျစရိတ် သက်သာသော ဂျပန်ပဲယဉ်း(နီ) သီးနှံကို ယခုနှစ်တွင် ပိုမိုတိုးချဲ့စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဂျပန်ပဲယဉ်း(နီ)များကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းလျက်ရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ပဲယဉ်း (နီ) တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀၀ ခန့် ကုန်ကျ၍ တစ်ဧကလျှင် ၃၅-၄၀ တင်း ထွက်ရှိရာ ယခုနှစ်တွင် ရေမြေရာသီဥတု ကောင်းမွန်ခြင်းကြောင့် တစ်ဧကလျှင် ပျမ်းမျှအထွက် တင်း ၄၀ ခန့်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒေသပေါက်ဈေးမှာ ပဲယဉ်း(နီ)တစ်တင်းလျှင် ငွေကျပ် ၆၈၀၀၀ ဖြင့် ရောင်းချရပြီး ဝင်ငွေအနေဖြင့် ဂျပန်ပဲယဉ်း(နီ) တစ်ဧကလျှင် ငွေကျပ် ၂၇၂၀၀၀၀ ခန့်ရရှိကာ ငွေကျပ် ၂၂၂၀၀၀၀ ခန့်အမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ဂျပန်ပဲယဉ်း (နီ) စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

# ရွှေဘိုဈေးကွက်၌ ပဲစင်းငုံ(နီ)များ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိ

ရွှေဘို မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ ပဲစင်းငုံ (နီ၊ဖြူ) များ စတင်ဝင်ရောက်ခဲ့သော်လည်း မတ်လ ဒုတိယပတ်တွင် ပဲစင်းငုံ (နီ) တစ်မျိုးတည်းသာ ဝင်ရောက်ခဲ့ကြောင်း၊ မတ်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ငွေကျပ် ၁၂၀၆၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၄၅၀၀၊ တန်အားဖြင့် ၁၄၇ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ မတ်လ ပထမပတ်နှင့် ဒုတိယပတ် ဈေးနှုန်းများ နှိုင်းယှဉ်ပါက မတ်လ ပထမပတ်တွင် ပဲစင်းငုံ (နီ) တစ်တင်းလျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိခဲ့ပြီး မတ်လ ဒုတိယပတ်တွင် ပဲစင်းငုံ (နီ) တစ်တင်းလျှင် ငွေကျပ် ၄၄၀၀ လျော့နည်းခဲ့ပြီး ဝင်ရောက်သမျှ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၂၀.၃.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နှမ်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၈၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၈၅၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၃၅၀၀ | ၃၂၀၀ | ၁၇၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၁၂၇၀၀ | ၃၃၀၀ | ၁၈၅၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၇၂၀၀ | ၁၀၀၀ | ၉၂၀၀ | ၇၃၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၇၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၇၀ | ၉၀၀၀ | ၂၈၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၉၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၈၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၈၀၀ | ၈၂၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀ | ၇၅၀၀ | ၈၃၀၀ | ၃၅၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | | ၇၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၄၀၀၀ |

☆ ကမ္ဘောဒီးယားမှ

အုပ်စုနှစ်ပွဲကစားအပြီးတွင် ဂျပန်အသင်းက ခြောက်မှတ်၊ မြောက်ကိုရီးယားနှင့် ဆီးရီးယားအသင်းတို့က သုံးမှတ်စီရရှိထားကာ မြန်မာအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် ဒုတိယမြောက် အိမ်ကွင်းပွဲအဖြစ် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရမှတ်ရယူနိုင်မည့် အခွင့်အရေးဖြစ်နေသည်။ မြန်မာအသင်းသည် ဂျပန်အသင်းကို အဝေးကွင်း၌ ငါးဂိုးပြတ်၊ မြောက်ကိုရီးယားအသင်းကို အိမ်ကွင်း၌ ခြောက်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ဆီးရီးယားအသင်းမှာမူ အိမ်ကွင်း နှစ်ပွဲဆက်တိုက်ကစားထားပြီး မြောက်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသော်လည်း ဂျပန်အသင်းကို ငါးဂိုးပြတ်အရေးနိမ့်ထားသည်။ ဆီးရီးယားအသင်းအတွက် မြန်မာအသင်းနှင့်ပွဲမှာ ပထမဆုံးအဝေးကွင်းပွဲလည်း ဖြစ်သည်။

မြန်မာအသင်းသည် ယခုမတ်လ နိုင်ငံတကာရက်သတ္တပတ်တွင် ကမ္ဘောဖလားခြေစစ်ပွဲ နှစ်ပွဲကစားရမည်ဖြစ်ပြီး ဆီးရီးယားအသင်းနှင့် အိမ်ကွင်းကစားပြီးပါက မတ် ၂၆ ရက်တွင် အဝေးကွင်း ထပ်မံကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်၊ (တနင်္လာနေ့)သည် “ဘဏ်ပိတ်ရက်” ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၆)၊ မြေကွက်အမှတ် (C-၅)၊ အင်းဝအိမ်ရာ(TOSTA)အကျယ်အဝန်း (၉၉× ၈၀)ပေ၊ (၇၉၂၀)စတုရန်းပေရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးရန်နိုင် (၉/မနမ(နိုင်) ၀၉၇၂၅၈)နှင့် ဒေါ်မြင့်မြင့်အေး (၉/မနမ(နိုင်) ၀၆၈၅၅၂)တို့ထံမှ ကွယ်လွန်သူ၏ မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင်စိုး (၁၄/ပေတ(နိုင်)၀၉၈၂၀၀)နှင့် ဦးသန်းနိုင်စိုး (၁၄/ပေတ(နိုင်) ၁၄၇၄၂၇)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့(၃)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အိမ်အမှတ် (၃/၄၃၂)၊ အကျယ်အဝန်း(၂၅ × ၅၀)ပေရှိမြေကွက်နှင့် နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်လှမြင့် (၁၂/ဥကမ(နိုင်) ၁၄၃၇၃၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သူရ (၁၀/မဒန(နိုင်)၁၃၂၁၆၃)နှင့် ဒေါ်ခိုင်ဇာစိုး (၁၂/မဂဒ(နိုင်)၁၀၅၆၂၀)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၉၇၄၀၀၀၁၉၃၊၀၉- ၄၅၄၅၄၅၂၂၁

# ဟားခါးမြို့နယ် ကျုံဖား-ခလောက်မဲ အုပ်စုချင်းဆက် ချောင်းကျောက်လမ်းဖွင့်

ဟားခါး မတ် ၂၀

ဟားခါးမြို့နယ် ကုန်းကြီးအုပ်စုတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၅ သိန်း၊ ပြည်သူထည့်ဝင်ငွေ ၁၀ သိန်း စုစုပေါင်း ၅၅ သိန်းဖြင့် ဆောင်ရွက်ခဲ့သော ကုန်းကြီးအုပ်စု ကျုံဖား-ခလောက်မဲ အုပ်စုချင်းဆက် ချောင်းကျောက်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ လမ်းမုခ်ဦး၌ ပြုလုပ်သည်။

လမ်းဖွင့်ပွဲအခမ်းအနားတွင် ဟားခါးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်း၊ အဖွဲ့ဝင်(၂) ဦးမြင့်သိန်း၊ အဖွဲ့ဝင်(၃) ဦးစိုးမြင့်အောင်နှင့် မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအာကာကျော်လွင်(မြို့ပြ)တို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်

ဆက်လက်၍၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၅ သိန်း၊ ပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ၆၅ သိန်းဖြင့် ဆောင်ရွက်ခဲ့သည့် ဟားခါးမြို့နယ် တောင်လုံးစုအုပ်စု တောင်လုံးစု-ခြေတော်ရာ-ကျောင်းစု ရွာချင်းဆက် ချောင်းကျောက်လမ်းအား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မောင်းမကန်ကမ်းသာလမ်း၊(၂၀)ရပ်ကွက်၊ အမှတ် (၂၀၂)နေ (အမိ) ဒေါ်ရင်ဆွေ (၈/ရစက(နိုင်)၁၆၇၀၇၈) ၏သားဖြစ်သူ မောင်ဇေမင်းသော်(၁၂/ဒဂတ(နိုင်)၀၅၆၆၅၂)သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲအကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သောလုပ်ရပ်ကို ပြုလုပ်၍ မိမိ၏သဘောဆန္ဒ အလျောက်နေအိမ်မှ ဆင်းသွားသဖြင့် အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)
အမှတ်(၁၀၁)၊(၃၉)လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်။၀၉၄၂၀၀၈၇၁၇၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ရွှေနံ့သာဘားလားသစ်ခွအထူးဇုန်၊မြေတိုင်းရပ်ကွက်အမှတ်၄၉၇၊မြေကွက်အမှတ်-၁၂၀၊ဧရိယာ(၁·၉၃၈)ဧက၊မြေကွက်တည်နေရာအမှတ်-၁၂၀၊ကျွန်းရွှေဝါလမ်းသွယ်၊ရွှေနံ့သာဘားလားသစ်ခွစိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်၊မင်္ဂလာဒုံမြို့နယ်၊ရွှေနံ့သာဘားလားသစ်ခွအထူးဇုန်၏လွှဲပြောင်းစာရင်းအမည်ပေါက်-ဗိုလ်မှူးကြီးအောင်နိုင်ထွန်း(ခ)ဦးတိုက်အေး(၁၀/သထန(နိုင်)၀၁၁၅၆၂)ကိုယ်တိုင်မှရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဘားလားရွှေနံ့သာသစ်ခွစိုက်ပျိုးထုတ်လုပ်ရေးအထူးဇုန်ကြီးကြပ်ရေးဗဟိုကော်မတီလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာမူရင်း၊ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊မြေပြင်တိုင်းတာရရှိသောဧရိယာ(၁·၉၃၈)ဧကဖြင့်လက်ခံရယူမည်ဖြစ်ကြောင်းဝန်ခံကတိတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်ဂရန်တင်ပြ၍လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# “ရယ်ရွှင်ပျော်” ဟာသတစ်ခန်းရပ်ပြဇာတ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၂၀

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဖျော်ဖြေရေး အစီအစဉ်များ တိုးမြှင့်တင်ဆက်မှုတွင် “ရယ်ရွှင်ပျော်” ဟာသတစ်ခန်းရပ်ပြဇာတ် အစီအစဉ်ကို MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် “တစ်လိမ်နှစ်လိမ် တစ်ပတ်နှစ်ပတ်” ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။




### ထုတ်လွှင့်ပြသမည်

အဆိုပါ အစီအစဉ်ကို ပတ္တမြားကေခိုင် စီစဉ်မှုဖြင့် နာမည်ကျော်လူရွှင်တော်များဖြစ်ကြသည့် ဦးနေကျော်၊ ဦးတိုးတက်၊ ဖူးချစ်၊ တူးနိုင်း၊ လကျော်၊ လန်းလန်း၊ ဝဒီထွန်း၊ တူးဒီ၊ လင်းလက်အောင်နှင့် ထက်မြက်အောင်တို့ ပါဝင်တင်ဆက်ကြမည်ဖြစ်ရာ MRTV-HD Channel မှ မတ် ၂၃ ရက် စနေနေ့ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် မတ် ၂၇ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပြုလုပ်ခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်

အင်္ဂပူ မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ပန်းတင်ကျေးရွာအုပ်စု ဇောင်းတန်းကျေးရွာခန်းမ၌ မတ် ၁၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အင်္ဂပူမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်-၃ ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့များက ကြည့်ရှုအားပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ ပန်းတင်ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်သူ ၃၂ ဦးနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်း ၉၅ ဦး ကောက်ယူနိုင်ခဲ့ကြောင်း၊ ပန်းခင်းစီမံချက်-၃ ကို ဇန်နဝါရီ ၁ ရက်မှစတင်ပြီး အင်္ဂပူမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပုသိမ်မြို့တွင် အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းဖွင့်

ပုသိမ် မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပုသိမ်)၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်က မြန်မာနိုင်ငံတွင် ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာကာကွယ်တားဆီးနိုင်ရေးအတွက် ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသော အလုပ်နှင့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများကို ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ရေး ရည်ရွယ်ကာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သက်မွေးသင်တန်းလေးကြိမ်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး ယခုသင်တန်းကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ အရှေ့ဈေးလမ်း၊ အမှတ်(11/A)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅/ စီ)၊ မြေကွက်အမှတ် (၁၁/အေ)၊ ဧရိယာ (၀.၃၅၉)ဧက အကျယ်ရှိ ဦးမြင့်ဇော် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစားမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဦးမြင့်ဇော် [၁၂/ပဘတ(နိုင်)၀၁၈၃၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊**
**ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၆၄၆၆၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလှမျိုး နိုင်ငံသားကတ်အမှတ် [၁၂/မဂတ(နိုင်)၀၈၀၈၄၁]နှင့် ဇနီး ဒေါ်လှလှဝင်း [၁၂/မဂတ(နိုင်)၀၈၁၈၈၁] အမှတ်(၃၉)၊ ဘန္ဓုကုန်း(၅)လမ်း၊ ကန်တော်ကလေးမြောက်ပိုင်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ဦးလှမျိုးနှင့် ဒေါ်လှလှဝင်းတို့၏ ဒုတိယမြောက်သားဖြစ်သူ မောင်တင်အောင်ထွန်း(ခ) ချိုတေး နိုင်ငံသားကတ်လျှောက်ထားဆဲသည် မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကို ကျဆင်းထိပါးသည့် လုပ်ရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် သားအဖြစ်မှ အမွေ ပြတ်အပြီးအပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မောင်တင်အောင်ထွန်း(ခ)ချိုတေးနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်ပေးသူ**
**ဦးလှမျိုး ဒေါ်လှလှဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်မြင့် (စဉ်-၁၀၉၁၆)** **ဦးရွှေ (စဉ်-၅၅၉၃၈)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁၈၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ် လမ်းထောင့်၊ Kan Tharyar Residence (ကန်သာယာကွန်ဒို)၊ အခန်းအမှတ်(၁၁-၀၁)၊ အလွှာ-၁၁၊ အကျယ်အဝန်း (၁၆၀၈)စတုရန်းပေရှိ ကွန်ဒိုမီနီယမ်တိုက်ခန်းနှင့်တကွ ရေမီး၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကွန်ဒိုတိုက်ခန်း အမည်ပေါက်ပိုင်ရှင် ဒေါ်ရွှေစင်လင်းလက် [၁၂/မဂတ(နိုင်)၀၉၇၉၅၂]မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်သန္တာဆွေ(ခ)သဲသဲ [၁၂/လသန(နိုင်)၀၁၄၉၀၉]နှင့် ဦးပြည့်စုံဝင်း [၁၂/တမန(နိုင်)၀၉၄၇၃၅] ကိုင်ဆောင်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကွန်ဒိုမီနီယမ်တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝါဝါစံ [LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၅၀)**
**အမှတ် (၄၇၉)၊ ၇-လွှာ၊ အောက်ပုဇွန်တောင်လမ်း၊ (၅) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၀၀၁၅၂၅၅**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ သလ္လာဝတီ (၄)လမ်း၊ အမှတ်(၁၂၇၀/ခ)ဟုခေါ်တွင်သော သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ လူနေရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ်- ၁၂၇၀(ခ)၊ သလ္လာဝတီ၊ မြေငှားစာချုပ်အမှတ် [သကတ/၁၀(တ)/၁၄၁၄] အမှုတွဲအမှတ်-ရကစ/မြေရာ (သကတ / ၁၀/၁၉၆၃/၉၂ / ၁၉-၁၂-၉၂ )အရ ဦးရွှေသန်း၊ ဒေါ်ခင်ခင်စိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ရရှိထားသော မြေဧရိယာ (၂၀x၆၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်ပိုင်ရှင်များထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်စောဝင်း(ဘ) ဦးသောင်းတင် [၁၂/သကတ(နိုင်)၀၉၁၇၈၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောဂရန်မူရင်း၊ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးကြည်(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ မန္တလေးနှင့် ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို (၂၀-၃-၂၀၂၄ မှ ၂၅-၃-၂၀၂၄ အထိ) နေ့စဉ် နံနက် (၉:၃၀) နာရီမှ ညနေ (၄:၀၀) နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ (၂၅-၃-၂၀၂၄)ရက် ညနေ (၄:၀၀) နာရီဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၁-၈၂၅၁၉၀၈၊ ၀၁-၈၂၉၄၃၇၇ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူ စိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်သန်းသန်းမြင့် [၁၂/လကန(နိုင်)၁၉၃၆၁၇]နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ဦးတိုမြန်မာစု ကျေးရွာနေ ဦးသန်းထွေး [၇/မလန(နိုင်)၀၇၂၉၇၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးသန်းထွေးသည် မလေးရှားနိုင်ငံတွင် ၂၀၀၄ ခုနှစ်၌ သွားရောက်အလုပ်လုပ်နေစဉ်ကတည်းက သမီးကြီးကိုယ်ဝန်ရှိနေသည့် ဇနီးသည် ဒေါ်သန်းသန်းမြင့်အား စားစရိတ်၊ မွေးစရိတ်၊ ငှားရမ်းနေထိုင်သည့် စရိတ်တို့ကို လစဉ်မှန်မှန်ပေးပို့ထောက်ပံ့ခဲ့ပါသည်။ မလေးရှားနိုင်ငံတွင် (၃)နှစ် အလုပ်လုပ်ကိုင်နေစဉ် ဦးသန်းထွေး ထောက်ပံ့ပေးပို့ခဲ့သည့်ငွေများနှင့် ဝယ်ယူခဲ့သည့် လက်ဝတ်ရတနာများအား ဒေါ်သန်းသန်းမြင့်မှ ရောင်းချ၍ ချဲထီလောင်းကစားပြုလုပ်ခဲ့ပါသည်။ ဦးသန်းထွေးသည် ၂၀၀၇ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဘဝကို အသစ်မှပြန်လည်စတင်ကာ ကြိုးစားခဲ့ပြီး ကိုရီးယားဘာသာစကားများကို သင်ကြားကာ ၂၀၁၁ ခုနှစ်တွင် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်၍ စီးပွားရှာကြိုးစားခဲ့ပါသည်။ ဦးသန်းထွေး ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် ဒေါ်သန်းသန်းမြင့်က ချဲထီလောင်းကစားပြုလုပ်ခြင်းများ မပြုလုပ်တော့ကြောင်း ဝန်ခံခဲ့သဖြင့် ဦးသန်းထွေးမှ လစဉ်ရရှိသမျှ လစာအားလုံးကို မိမိစားစရိတ်ချန်၍ ဇနီး ဒေါ်သန်းသန်းမြင့်ထံ ပေးပို့ခဲ့ပါသည်။ ဇနီးဒေါ်သန်းသန်းမြင့်၏ စားစရိတ်၊ နေထိုင်စရိတ်၊ ကလေးကျောင်းစရိတ်တို့အတွက် (၁)လလျှင် မြန်မာငွေ (၆)သိန်း၊ (၈)သိန်း၊ နောက်ဆုံး (၁၂)သိန်းအထိ ထောက်ပံ့ပေးပို့ခဲ့ပါသည်။ ထို့အပြင် လက်ဝတ်ရတနာများဝယ်ယူရန် ငွေများလည်းပေးပို့ခဲ့ပါသည်။ ဒေါ်သန်းသန်းမြင့်သည် ခင်ပွန်းဖြစ်သူ ဦးသန်းထွေး နိုင်ငံရပ်ခြားတွင် အလုပ်လုပ်၍ စီးပွားရှာကြံလုပ်ကိုင်နေစဉ် အိမ်ထောင်ရေးဖောက်ပြန်မှုများပြုလုပ်နေကြောင်း ကိုရီးယားနိုင်ငံရှိ ဦးသန်းထွေးထံသို့ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများက အကြောင်းကြားခဲ့ကြပါသည်။ ဦးသန်းထွေးသည် သမီးနှင့်သား မျက်နှာငယ်မည်ကိုစိုးရိမ်သဖြင့် ၎င်းတို့ရှေ့ရေးအတွက် သည်းခံခွင့်လွှတ်ပြီး စီးပွားရေးကိုသာ အာရုံစိုက် အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ဦးသန်းထွေး ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင် နေစဉ်ကတည်းက ဒေါ်သန်းသန်းမြင့်သည် လင်မယားကွာရှင်းပြတ်စဲရန် အကြိမ်ကြိမ်ပြောဆိုခဲ့သော်လည်း ဦးသန်းထွေးက ကွာရှင်းပြတ်စဲရန် လုံးဝ ပြောဆိုခဲ့ခြင်းမရှိပါ။ နောက်ဆုံး ဒေါ်သန်းသန်းမြင့်က နှစ်ဦးသဘောတူ လင်မယားကွာရှင်းရန်နှင့် ပစ္စည်းခွဲဝေယူရန် ဖိအားပေးပြောဆိုခဲ့သည့် ဦးသန်းထွေး ကြိုးစားရှာဖွေစုဆောင်းခဲ့သည့် ပစ္စည်းများကို လင်မယားနှစ်ဦးပိုင်ပစ္စည်းများဟု ပြောဆိုပြီး ဒေါ်သန်းသန်းမြင့်သည် မိမိစိတ်ကြိုက်ပစ္စည်းများကို လက်ဝယ်ရယူခဲ့ပါသည်။

ဒေါ်သန်းသန်းမြင့်၏ သတင်းစာကြော်ငြာတွင် ဖော်ပြထားသည့် (၉-၉-၂၀၂၃)ရက်နေ့တွင် ဦးသန်းထွေးက ဒေါ်သန်းသန်းမြင့်အား ကွာရှင်းမည်ဟု ပြောဆိုကာ လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်သော ရွှေထည်ပစ္စည်းများကို ယူဆောင်သွားသည်ဆိုခြင်းမှာ လုံးဝမဟုတ်ပါ။ ဒေါ်သန်းသန်းမြင့်မှ လက်ဝယ်ရယူထားသည့် ပစ္စည်းများဖြစ်သော (၁) ၂-ကျပ်ခွဲသား ဆွဲကြိုး တစ်ကုံး၊ (၂) ၂-ကျပ်သား ရွှေလက်ကောက် သုံးကွင်း၊ (၃) နားကပ်နှစ်ရန်၊ (၄) အမေရိကန်ဒေါ်လာ- ၂၈၀၀၊ (၅) မြန်မာငွေ ပထမအကြိမ် ကျပ်- ၃၃ သိန်း၊ ဘဏ်မှလွှဲပေးငွေ ကျပ်သိန်း- ၁၀၀၊ ကုန်စုံဆိုင် (ကုန်မျိုးစုံ၊ ကုန်ခြောက်) ဖွင့်လှစ်သည့်ပစ္စည်းများ ကျပ်သိန်း- ၇၀၊ (၆) ၇ ကောင်အား မီးစက်တစ်လုံး၊ ကျပ်- ၁၅ သိန်းခန့်၊ (၇) ဆုံဆီကြိတ်စက် နှစ်လုံးတွဲ တစ်လုံး ကျပ်သိန်း-၅၀ ခန့်၊ (၈) မော်တာစက်ဘီး တစ်စီး ကျပ်သုံးသိန်းခန့်၊ (၉) သန်လျင်မြို့နယ် ဘုရားနီဝန်း (၄၀ပေx၆၀ပေ) မြေကွက်တစ်ကွက်၊ (၁၀) တောင်ဥက္ကလာပမြို့နယ်၊ ၁၃-ရပ်ကွက်၊ ယသ္သဝတီ-၁၇လမ်း၊ အမှတ် (၁၁၆၁/ခ)၊ (၁၀ပေx ၆၀ပေ)(RC) နှစ်ထပ်တိုက်၊ (၁၁) အမှတ်-၁၆၅၊ ဟံသာဝတီလမ်း၊ ၁၂၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ (၄၀ပေx ၆၀ပေ) ပါမစ်မြေအမျိုးအစား မြေကွက်တစ်ကွက်စသည့် ပစ္စည်းများသည် ဒေါ်သန်းသန်းမြင့်နှင့် ဦးသန်းထွေးတို့သည် တရားဝင်ကွာရှင်းပြတ်စဲခြင်း မပြုရသေးသည့်အတွက် ဒေါ်သန်းသန်းမြင့်၏ လက်ဝယ်ရှိ အထက်ပါပစ္စည်းများကို ဦးသန်းထွေး၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းစသည့် မည်သည့်လွှဲပြောင်းမှုကိုမျှ မပြုလုပ်ရန် တားမြစ်အပ်ပါသည်။ ဒေါ်သန်းသန်းမြင့်သည် ခင်ပွန်းဖြစ်သူ ဦးသန်းထွေးက နိုင်ငံရပ်ခြားတွင် အပတ်တကုတ် ကြိုးစားရှာဖွေ စုဆောင်းခဲ့သည့် ပစ္စည်းဥစ္စာငွေများကို လောင်းကစားပြုလုပ်၍ သုံးဖြုန်းခဲ့ကြောင်း၊ ဦးသန်းထွေး နိုင်ငံခြားတွင် အလုပ်လုပ်ကိုင် စီးပွားရှာနေစဉ် အိမ်ထောင်ရေးဖောက်ပြန်မှုများ ပြုလုပ်ခဲ့ကြောင်းစသည့် ဒေါ်သန်းသန်းမြင့်၏ ရာဇဝတ်မကင်းသည့် ပြုမူဆောင်ရွက်ချက်များကို ဦးသန်းထွေး၏ ညွှန်ကြားပြောဆိုချက်များအရသော်လည်းကောင်း၊ ဦးသန်းထွေး ညွှန်ကြားပြသသည့် သက်သေများ၏ ပြောဆိုချက်များအရသော်လည်းကောင်း ကျွန်ုပ်ထံတွင် သက်သေအထင်အရှား ရှိနေပြီဖြစ်ပါသည်။

ဦးသန်းထွေးအနေဖြင့် ဒေါ်သန်းသန်းမြင့်၏ ရာဇဝတ်မကင်းသည့် ပြုမူဆောင်ရွက်ချက်များအပေါ် တည်ဆဲတရားဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူဆောင်ရွက်ရန် ကျွန်ုပ်အား လွှဲအပ်ထားပြီးဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးသန်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမြသန်း (LL.B), (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၉၇) (၆-၃-၂၀၁၂)**
**အမှတ်-၆၅၇၊ နှယ်သာကီ (၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း- ၀၉-၄၀၃၆၅၉၁၃၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၈၇၊ အေးသာယာ(၂)လမ်း၊ အေးသာယာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ၅၃၅(က)၊ မြေကွက်အမှတ်- ၈၇၊ (၃၀x၅၀)ပေ အကျယ်အဝန်းရှိ ပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မှတ်ပုံတင်စာရင်းအမှတ်- မဂလဒ ၁၀၂/၂၀၀၅ဖြင့် ဒေါ်ခင်အုန်းမြင့် [၁၂/ဥကတ(နိုင်)၀၄၈၀၄၂] အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဦးနေလင်းကျော် [၁၂/မရက(နိုင်)၀၇၃၁၆၃]သည် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အား တရားဝင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉၄၃၁၁၅၄၃၂**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဘရင်အောင် [၁/မကန (နိုင်) ၁၈၈၈၇၃]၏ ပတ်စ်ပို့နံပါတ် (MC-146974) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၃၀၈၂၈၂၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဂိုလ်ကူး [၁/ဝမန (နိုင်) ၀၈၅၄၅၀]၏ ပတ်စ်ပို့နံပါတ်(MB-108728) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၈၉၉၉၆၂၂**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးတက်ကြင် [၁/မညန (ပြု) ၀၀၀၀၁၃]၏ ပတ်စ်ပို့နံပါတ် (MC-399920) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၁၃၈၆၆**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ယဉ်သူမော် [၁/မကန(နိုင်)၁၅၀၇၅၈]၏ ပတ်စ်ပို့နံပါတ်(ME-168740) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၅၅၃၅၈၉**

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၈၊ မြေကွက်အမှတ်- ၆၃၉/က၊ ၁၁၇၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၆၃၉/က)၊ ဣန္ဒာ (၅)လမ်း၊ (ဓ) ရပ်ကွက်၊ ဦးသန်းညွန့် [၁၂/ဥကမ(နိုင်)၁၀၇၃၉၇] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးသန်းညွန့်ထံမှ အမွေဆက်ခံပိုင်ဆိုင်ခြင်းစာချုပ်အမှတ်- ၄၆၀၀/၂၀၂၃၊ ၁၇-၅-၂၀၂၃ ဖြင့် ရရှိသူ ဒေါ်ခင်သန်းမြင့် [၁၀/မလမ(နိုင်) ၁၁၁၅၇၃]၊ ဒေါ်ခင်သန်းဆင့် [၁၂/ဥကမ(နိုင်) ၁၁၀၆၄၈]တို့မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသောကြောင့် အမှုတွဲအမှတ် - မဥ/ဂရန်မိတ္တူ ၂၀၂၃၀၁၀၈၆၅/၂၀၂၃ (၃၁-၅-၂၀၂၃) ဖြင့် ဂရန်မိတ္တူမှန် လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် မြေငှားစာချုပ်အမှတ်- မဥ/ဓ-၁၀၄၁/၉၃ (၂၃-၁၀-၉၃)ဖြင့် ထုတ်ပေးထားသည့် မူရင်းဂရန်ကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို မှီ၏**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးလသာမြို့နယ်၊ ၆-ရပ်ကွက်၊ လသာလမ်း၊ အမှတ်(၁၀၂) (၇)ထပ်တိုက်၏ (၆)လွှာ၊ အကျယ် (၁၆'x၆၀')ရှိ ရေမီးစုံ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးဇော်မျိုးသန့် [၁၂/လသန(နိုင်)၀၀၀၅၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်ဝင်း [၁၂/လသန(နိုင်)၀၀၂၃၆၀]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါ အရောင်း/အဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။**
**၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ ကနောင်လမ်းမ၊ မြေတိုင်းရပ်ကွက်(၅)၊ မြေကွက်အမှတ်(၅/၃၁)၊ အကျယ်(၄၀'x၆၀')ရှိ ပါမစ်အမည်ပေါက် ဒေါ်မြင့်မြင့်ခိုင် မြေကွက်နှင့် ယင်းမြေပေါ်ရှိ RC နှစ်ထပ်အပါ အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုလက်ရှိပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ကြည်ကြည်ခိုင် [၁၂/ဒလန(နိုင်)၀၂၉၄၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။**
**၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## “ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉ မိုင်၊ ပြည်လမ်း၊ သီရိကွန်ဒို၊ အမှတ်(A1207)တွင် နေထိုင်သော ဒေါ်သဉ္ဇာချို [၁၄/လပတ(နိုင်)၁၀၇၆၆၈] သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

**စာချုပ်အမှတ်- ၂၁၄၁ /၂၀၂၄ (နေ့စွဲ-၄-၃-၂၀၂၄)**

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အရည်အသွေးကောင်းမွန်၍ သဘာဝပါဝင်ပစ္စည်းများဖြင့်ပြုလုပ်ထားသော ကျန်းမာရေးအထောက်အကူပြု ခေါင်းလိမ်းဆီ၊ တိုနာ၊ လိုးရှင်း (Lotion)၊ Serum၊ သနပ်ခါးမိတ်ကပ် အစရှိသည့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ ဆပ်ပြာရည်၊ မျက်နှာသစ်ဆေး အစရှိသည့် တစ်ကိုယ်ရေသုံးပစ္စည်းအမျိုးမျိုးတို့အား မိမိကိုယ်တိုင်ထုတ်လုပ်၍ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ ရောင်းချခြင်း၊ Online မှတစ်ဆင့် ရောင်းချပေးခြင်းများတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေအသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်းမတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သဉ္ဇာချို ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၅၁၇)**

**ဒေါ်ခိုင်ဆုဝေ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၀၆၅)**

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ (၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
### ရာထူးတိုးစာမေးပွဲဖြေဆိုရန် စာမေးပွဲရက်ပြင်ဆင်သတ်မှတ်ခြင်း

(၁-၂-၂၀၁၂၄)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့သော လ/ထ ကထိက၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ဦးစီးအရာရှိ၊ လ/ထ အင်ဂျင်နီယာရာထူးတိုး စာမေးပွဲနှင့် (၁၇-၂-၂၀၂၄)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများ ဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့သော အလယ်တန်း ကျောင်းအုပ်ရာထူးတိုး စာမေးပွဲများဖြေဆိုရန်အတွက် ရာထူးတိုးရေးဖြေ စာမေးပွဲဖြေဆိုမည့် (၃၀-၃-၂၀၂၄)ရက်နေ့အစား (၂၆-၄-၂၀၂၄) ရက်နေ့သို့ စာမေးပွဲဖြေဆိုမည့်ရက် ပြင်ဆင်သတ်မှတ်လိုက်သည်။

**အခြေခံပညာဦးစီးဌာန**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၀၉

ဦးမျိုးချစ် နှင့် ၁။ ဒေါ်သန်းသန်းမြင့်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နှင်းနွယ်ဦး)
၂။ ဦးစိုးမြင့်
၃။ ဦးစိုးဝင်း
၄။ မပရ်ဝင်း(ခ)မအေးသူဇာ
၅။ မသီရိရတနာအေး
၆။ မပွင့်ဖြူ
၇။ မအိဖြူ

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

၂၀၂၂ခုနှစ်၊မေလ ၁၂ရက်စွဲပါရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၅၄/၂၀၁၂ အမှုတွင် ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း (မြောက်)ရပ်ကွက်၊ မြဝတီလမ်း၊ အခန်း(၃) ၊ အမှတ်-၁၆(၄-လွှာ) နေ လျှောက်ထားခံရသူ (၃) ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်-၆ နေ လျှောက်ထားခံရသူ (၅) မသီရိရတနာအေး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၁၈)လမ်း၊ အမှတ်-၂၃ နေ လျှောက်ထားခံရသူ (၆) မပွင့်ဖြူ၊ (၇)မအိဖြူ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကိုလျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ (၅) ရက်(၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် အမျိုးသား ကင်ဆာရောဂါကုဌာနတွင် လိုအပ်လျက်ရှိသည့် ကင်ဆာရောဂါ ကုသရာတွင် အသုံးပြုသော Linear Accelerator (LA ) စက်ပစ္စည်းအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-21DMS/2023-2024(L) ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ - (၁၉-၃-၂၀၂၄) ရက် (အင်္ဂါနေ့)
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - (၂-၄-၂၀၂၄) ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## "လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၂၈၈/၂၉၀)တွင် နေထိုင်သော **ဦးမျိုးစည်သူ[၁၂/ဒဂန(နိုင်)၀၃၄၂၆၇]**သည် အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်အားပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ **Application Number**- T/2024/000125 ဖြင့်လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏မူပိုင်ရှင်ဖြစ်ပါသည်-

စိန်တိုင်းရွှေပြည်
စိန်ရွှေရတနာဆိုင်

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် Gems & Jewellery ဆိုင်များ၊ နိုင်ငံတကာအဆင့်မီ GIA စိန်ထည်အမျိုးမျိုး၊ အရည်အသွေးမြင့် ကျောက်ထည်/စိန်ထည်အမျိုးမျိုး၊ ရွှေ ပလက်တီနမ်၊ ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲ အစရှိသည့် လက်ဝတ်ရတနာထည်များအား ဖန်တီးရောင်းချသည့်ဆိုင်များဖွင့်လှစ်ခြင်း၊ Social Media များ/ Onilne တို့မှ လက်လီ/လက်ကား ရောင်းချခြင်းလုပ်ငန်းများအား ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်သွားမည့်အပြင် မိမိ၏ဝန်ဆောင်မှုလုပ်ငန်းတိုင်းတွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ် မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပ သုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးစည်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ဇင်မာအောင်** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၅၃၇)** | **(စဉ်-၅၂၆၄၆)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၀၉၃၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၂၉၃)၊ မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၁၂½ပေ x ၅၀ပေအကျယ်)၊ မြေညီထပ် (ဘယ်+ညာ) (၂)ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ် (၂၈၀ /၆၁၆)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (၁၂½ပေx၅၀ပေ)အကျယ်၊ မြေညီထပ် (မျက်နှာမူဘယ်ဘက်)(၁)ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သစ္စာနွယ်လမ်း၊ အမှတ် (၃၁၅)၊ မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၁၂½ပေx၅၀ပေ) အကျယ် မြေညီထပ် နှင့် ပထမထပ် (မျက်နှာမူညာဘက်ခြမ်း)တိုက်ခန်းနှစ်ခန်း၊ စုစုပေါင်း တိုက်ခန်း (၅)ခန်းအား တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစောလှိုင် (ကန်ထရိုက်တာ) [၁၂/တမန (နိုင်) ၀၈၀၅၀၈]ကိုင်ဆောင်သူ D.S Construction Co.,Ltd (Y.C.D.C, LC, No-369)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအမ်ဒူမာဂျစ် (ခ) မောင်လှရွှေ [၁၂/ဒဂတ(နိုင်)၁၃၅၈၅၅]ကိုင်ဆောင်သူမှ ကြိုပို့ငွေအရစ်ကျငွေချေစနစ်ဖြင့် အရောင်းအဝယ်စာချုပ်၍ ဝယ်ယူထားသော တိုက်ခန်းများဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း(၅)ခန်းအား ဝယ်ယူထားသူ ဦးအမ်ဒူမာဂျစ်(ခ) မောင်လှရွှေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများပြုလုပ်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက် မရှိဘဲ အထက်ဖော်ပြပါ တိုက်ခန်း(၅)ခန်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း ရောင်းချခြင်းများပြုလုပ်ခဲ့လျှင် ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်နီတာလွင် (စဉ်-၁၂၀၁၇)** | **ဒေါ်အေးသူဇာမြင့်(စဉ်-၁၈၃၇၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၉၈)၊ (A-9)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၅၁၀၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့)ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၃၅)၊ မြေကွက်အမှတ် (၄၄၈)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဒေါ်ကျင်လှ [၁၂/ပဘတ(နိုင်)၀၀၉၅၅၀] အမည်ပေါက်ပါမစ်မြေကွက် နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်ဆွေမာအေး [၁၂/သဃက (နိုင်) ၀၀၃၇၁၇]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးဇင်ဘိုမင်း [၉/မကန(နိုင်)၀၉၁၂၂၄] မှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဖြိုး(ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၄၀၇၁၄)**
**ဖုန်း-၀၉-၂၅၀၅၁၆၉၈၀**

ရွှေပြည်သာမြို့နယ်
မြေကွက်များ
ဝယ်လိုသည်
09-5139064

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးရဲသီဟအောင် [၈/ပခက(နိုင်)၁၅၂၇၈၃] ၏ နိုင်ငံကူးလက်မှတ်အမှတ် 390 644 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-5050035**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဥယျာဉ်မြို့တော်စီမံကိန်း(Mingalardon Garden City Project) အတွင်းရှိ လူနေရပ်ကွက် ကံ့ကော်ရိပ်သာ(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၆၃)ဟုခေါ်တွင်သော ဧရိယာ(၀.၂၂၉)ဧက (စတုရန်းပေ-၁၀၀၀၀) အကျယ်အဝန်းရှိ မြေကွက်(၁)ကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဇေကမ္ဘာကုမ္ပဏီပိုင်ဖြစ်ပြီး ဇေကမ္ဘာကုမ္ပဏီ၏ ရောင်းချခွင့်ရှိသူ ဒါရိုက်တာ ဒေါ်စန်းစန်းကြွယ်[၁၂/ဗဟန(နိုင်)၀၅၄၆၀၀](ဇေကမ္ဘာကုမ္ပဏီလီမိတက်) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အထက်ပါမြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား(၁၄-၃-၂၀၂၄) ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးနွယ်(LL.B)** | **ဒေါ်နုနုလွင်(LL.B)** |
| **(စဉ်-၁၉၀၃၆)** | **(စဉ်-၁၉၀၃၅)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၄၉၃)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၀၁၅၂၃၂၅၇၊၀၉-၇၇၈၀၃၄၆၈၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးစွမ်းထက် [၁၂/ကမတ(နိုင်)၀၇၆၀၈၉] ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၉၆၀၁၆၆၅၉၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၈၊ မြေကွက်အမှတ်- ၄၊ ဧရိယာ- ၀.၁၁၂ဧက၊ မြေကွက်တည်နေရာအမှတ်- ၄၊ စံရိပ်ငြိမ်(၅)လမ်း၊ (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်တင်ရီ (အေဂျီ - ၂၀၂၇၃၉) အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန် (စီမံချက်ဂရန်)မြေအား အမည်ပေါက်ဖြစ်သူ(ဇနီး) ဒေါ်တင်ရီသည် (၂၂-၁-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် (ခင်ပွန်း)ဖြစ်သူ ဦးမင်းနိုင် [၁၂/လကန (နိုင်) ၀၂၈၅၂၂]မှ အထက်ဖော်ပြထားသော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ခင်ပွန်းဖြစ်သူ မိမိမှလွဲ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်- ၅၂၅/၂၀၂၃(၄-၉-၂၀၂၃)၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နှစ်(၆၀)ဂရန်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ခင်ဆွေညွန့် | ၁၄/လပတ(နိုင်)၀၅၆၄၆၁ | ၇၅၄/ခ၊ ဗိုလ်အောင်ကျော်လမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း) | သကတ-၁ | ၇၅၄/ခ | ဦးလေးမောင် |
| ၂ | ဒေါ်အေးအေးလင်း | ၇/သဝတ(နိုင်)၀၆၃၅၇၂ | ၆/က၊ ဗိုလ်အောင်ကျော်လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၁၃ | ၆/က | ဒေါ်ခင်ကြည် |
| ၃ | ဦးရဲဦး+၁ | ၁၂/သကတ(နိုင်)၁၃၂၁၃၀ | ၉၀၃၊ ရာဇာဓိရာဇ်လမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၁၄/ရွှေပေါက်ကံ | ၉၀၃ | ဦးကျော်ခင် |
| ၄ | ဦးဝင်းလှိုင် | ၁၂/လမန(နိုင်)၀၀၀၅၂၆ | ၇၄၃/က၊ အောင်စိုးမိုး(၁)လမ်း၊ ၁၁-ရပ်ကွက်၊ ရွှေပြည်သာ | ၃၅ | ၇၄၃/က | ဦးစိုးမြင့်အောင် |
| ၅ | ဦးကျော်စိုး | ၁၂/ရပသ(နိုင်)၀၃၅၁၂၃ | ၂၀၃/က၊ ချင်းတွင်းလမ်း၊ ၆-ရပ်ကွက်၊ ရွှေပြည်သာ | ၂၂ | ၂၀၃/က | ဦးတင်ဝင်း |
| ၆ | ဦးအောင်ကိုမြင့် | ၁၂/အစန(နိုင်)၁၉၃၆၈၀ | ၁၅၂/က၊ ကံ့ကော်ပန်းခြံလမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၆ | ၁၅၂ | ဦးထွန်းဝေ |
| ၇ | ဦးမင်းဇော် | ၁/မမန(နိုင်)၀၃၄၀၆၈ | ၃၂၀/ခ၊ ရန်ကြီးအောင်လမ်း၊ ၁၁-ရပ်ကွက်၊ ရွှေပြည်သာ | ၃၅ | ၃၂၀/ခ | ဦးမြင့်သိန်း |
| ၈ | ဦးကျော်သူဝင်း | ၁၀/မလမ(နိုင်)၀၀၈၁၁၅ | ၁၁၈/က၊ ဗိုလ်ချုပ်လမ်းနှင့်ခတ္တာလမ်းထောင့်၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၄/၅ | ၁၁၈/က | ဦးဇော်ဝင်း |
| ၉ | ဦးစိုင်းဝဏ္ဏ | ၉/သစန(နိုင်)၀၈၈၇၆၇ | ၉၂/ခ၊ နတ်မောက်လမ်း၊ ၅၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၅ | ၉၂/ခ | ဒေါ်နန်းခင်ကြည် |
| ၁၀ | ဦးကျော်ဦး | ၁၂/သဃက(နိုင်)၂၀၂၆၂၁ | ၂၇၇/ခ၊ သဇင်ပန်းလမ်းနှင့်အောင်တံခွန်လမ်းထောင့်၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၅၃ | ၃၉/စ | စီအက်စ်ရတ်တနန်း |
| ၁၁ | ဒေါ်နှင်းယဉ်စိုး | ၁၂/မရက(နိုင်)၀၂၃၇၉၉ | ၁၄၊ ဒေါ်လှခင်လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၂/သမိုင်း | ၁၃/က-၄B အစိတ်အပိုင်း | ဦးသော်+ဒေါ်လှခင် |
| ၁၂ | ဒေါ်ရည်မွန်ပွင့်ဦး | ၁၂/အစန(နိုင်)၁၈၇၈၁၂ | ၁၁၃/ခ၊ မေခလမ်း၊ ၆-ရပ်ကွက်၊ ရွှေပြည်သာ | ၂၀ | ၁၁၃/ခ | ဦးစိန်ဝင်း |
| ၁၃ | ဒေါ်မေဖြူသန့် | ၁၂/သဃက(နိုင်)၁၆၉၁၇၁ | ၄၅၉/ခ၊၄၆၀၊ သုမနလမ်း၊ ၁၆/၃-ရပ်ကွက်၊ သဃ်န်းကျွန်း | ၁၆/၃ | ၄၅၉/ခ Portion၊ ၄၆၀ Portion | ဒေါ်ခင်တင့်+ဦးသန့်ဇင်၊ ဒေါ်စန်းမြင့်ကြည် |
| ၁၄ | ဒေါ်ကြည်ကြည်မြင့် | ၁၂/အစန(နိုင်)၀၅၅၂၈၈ | ၁၆၆၄/ခ၊ ဓာတ်ကြီးကျွန်းလမ်း၊ ၁၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၈ | ၁၆၆၄/ခ | ဦးကိုကိုလေး |
| ၁၅ | ဒေါ်ရွှေရည်သော်ဦး | ၁၂/လမန(နိုင်)၁၆၉၁၃၉ | ၇၁/ခ၊ ဗေဒါလမ်း၊ ၅၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၅၀ | ၇၁ | ဦးအေးထွန်း |
| ၁၆ | ဒေါ်ခင်သူဇာအောင် | ၇/လပတ(နိုင်)၀၉၂၉၇၅ | ၇၅၇ ³/₂၊ ဘုမ္မာ(၅)လမ်း၊ ဈ-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ဈ | ၇၅၇ ³/₂ | ဦးသောင်းမြ |
| ၁၇ | ဦးလှဝင်း | ၁၂/တမန(နိုင်)၀၅၂၆၆၅ | ၄၀၊ ၁၅၅-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေ | 3A | ၁၀၄/၁၀၅ | Hajee Syed Ismail Shirazee |
| ၁၈ | ဦးဇော်နိုင် | ၁၂/သဃက(နိုင်)၁၉၀၉၃၄ | ၃၆/A၊ ကြိုးစက်ရုံလမ်း၊ ဂ-ရပ်ကွက်၊ သဃ်န်းကျွန်း | ၄၉ | ၂၇(Portion) | အမ်-အာရ်ဒစ္စတံပုလဲ |
| ၁၉ | ဒေါ်ချောစုလှိုင် | ၁၂/သဃက(နိုင်)၂၀၁၁၁၆ | ၂၇၇/က၊ သဇင်ပန်းလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၅၃ | ၃၉/စ | စီအက်စ်ရတ်တနန်း |
| ၂၀ | ဒေါ်တင်နွဲ့ | ၁၂/စခန(နိုင်)၀၃၉၆၈၂ | ၁၉၊ ရန်ကြီးအောင်လမ်း၊ မုန့်လုပ်ဆောင်းကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်း | ၂၈-B | ယခင်(၉၉/၁၀၀)ယခု(၁၆၂) | ဦးစိန်ဟန်၊ ဦးသိန်းမောင်+၆ |
| ၂၁ | ဒေါ်မိကျော့ကျော့ရှိန် | ၁၀/သထန(နိုင်)၀၀၅၉၉၉ | ၅၆၄၊ ပုဂံလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၁၄/ရွှေပေါက်ကံ | ၅၆၄ | ဦးကျော်စွာ |
| ၂၂ | ဦးအေဂျာဟွာ | ၁၂/ကတတ(နိုင်)၀၀၈၆၅၅ | ၅၆/၅၇၊ ကာယသုခလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၂၄(Portion) | အိမ်ရာကွက်မြေ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




## အများသိစေရန်

ကျွန်ုပ်တို့နှင့် အတူနေ မြေးဖြစ်သူ မောင်ဇော်ဝင်းထွန်း (ဘ) ဦးဇော်လေး၊ နိုင်ငံသားစိစစ်ရေးကတ်[၁၂/မဂတ(နိုင်)၁၁၀၂၆၅ ]သည် ဘိုးဘွားမိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏သဘောအလျောက် နေအိမ်မှ ဆင်းသွားခဲ့ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ၎င်းအား မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို ကျွန်ုပ်တို့ဘိုးဘွားများအနေဖြင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးအောင်သိန်းလှိုင် + ဒေါ်တင်တင်ဝင်း**
**အမှတ်-၇၀ ၊ လိပ်ကန်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ အိမ်အမှတ် (၁၁၈)နေ ဒေါ်ခင်ယုဝေ၏သား မောင်ဟိန်းမင်းအောင် မှတ်ပုံတင်အမှတ်[၁၂/ကမရ(နိုင်)၀၆၂၀၅၆]သည် မိခင်၏ပြောဆိုဆုံးမစကားကို နားထောင်ခြင်းမရှိသည့်အပြင် မိခင်ကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၁၂-၁၂-၂၀၂၂ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**မိခင် ဒေါ်ခင်ယုဝေ [၁၂/ကမရ(နိုင်)၀၄၅၃၂၉]**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၉/က)၊ မြေအကျယ်အဝန်း (၁၂၀၀)စတုရန်းပေရှိ ဒေါ်သိန်းဌေး [၁၁/ပတန(နိုင်)၀၀၁၇၀၈]အမည်ပေါက် နှစ်(၆၀) အငှားဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉/က)၊ ခေမာသီလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သည့် နေအိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိခင်ဖြစ်သူ မြေအမည်ပေါက်က သမီးအရင်းဖြစ်သူ ဒေါ်အေးမြတ်သူ [၁၁/ပတန(နိုင်)၀၄၄၀၅၇]ထံသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့် ပေးကမ်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.G.P,D.B.L, D.A.Psy)**
**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၇-လမ်း၊ အမှတ်(၂၃)၊ ၃-လွှာ(B)နှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၇-လမ်း၊ အမှတ်(၂၃)၊ ၄-လွှာ(B)နေ (၁)ဒေါ်အေးမို့မို့အောင် [၁၂/မဂတ(နိုင်)၀၉၇၄၈၀]၊ (၂) ဦးအောင်ကျော်ဇော [၁၂/မဂတ(နိုင်)၀၉၆၉၂၄]။ (၃) ဒေါ်အေးမှီမှီအောင် [၁၂/မဂတ(နိုင်)၀၉၆၉၂၆]၊ (၄)ဒေါ်အေးပိုပိုအောင် [၁၂/မဂတ(နိုင်)၀၉၆၉၂၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၇-လမ်း၊ အမှတ်(၂၃)၊ ၃-လွှာ(B) တိုက်ခန်းသည် ဒေါ်တင်တင်ဦး [၁၂/မဂတ(နိုင်)၀၆၉၅၈၀] အမွေရရှိခဲ့သော အခန်းဖြစ်ပါသည်။ ဒေါ်တင်တင်ဦး မကွယ်လွန်မီ (၂၀-၁၀-၂၀၁၉) ရက် နေ့တွင် ဒေါ်တင်တင်ဦး၏ စိတ်ဆန္ဒအရ အတူတကွနေထိုင်သော တူနှင့်တူမ (၄) ဦးကို သေတမ်းစာဖြင့် ၎င်းပိုင်တိုက်ခန်းကိုပေးအပ်ခဲ့ပါသည်။ (၂၀-၁၀-၂၀၁၉) ရက်နေ့စွဲပါ ဒေါ်တင်တင်ဦး၏ သေတမ်းစာအရ အထက်အမည်ပါ ( ၄ ) ဦးမှတစ်ပါး အခြားမည်သူနှင့်မျှ လုံးဝမသက်ဆိုင်ကြောင်းနှင့် ယင်းတိုက်ခန်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အထက်ပါ မောင်နှမ (၄)ဦးတွင်သာ တာဝန်ရှိကြောင်း၊ အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။

ရွှေထည်များကိုလည်း ဒေါ်တင်တင်ဦးဆန္ဒအလျောက် တူမ(၃)ဦးကို လက်ရောက်ခွဲဝေ ပေးအပ်ခဲ့ပါသည်။ ကျန်ငွေသိန်း (၉၀)နှင့် ပတ်သက်၍ ဒေါ်တင်တင်ဦး တူမ အေးမို့မို့အောင် ဒူဘိုင်းတွင် အိမ်ဝယ်ရန်အတွက် ငွေလွှဲပေးအပ်ခဲ့ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို မမှန်မကန်ကြေညာခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးမို့မို့အောင်၊ ဦးအောင်ကျော်ဇော၊ ဒေါ်အေးမှီမှီအောင်၊**
**ဒေါ်အေးပိုပိုအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးမြတ်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၃၅)**
**အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09-400545295**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(၇၇)ဟု ခေါ်တွင်သော (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးမျိုးမြင့် မှတ်ပုံတင်အမှတ် (ISN-053667) အမည်ပေါက် နှစ်(၆၀) ဂရန်၏ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ဟုခေါ်တွင်သော စိန်ပန်းလမ်းနှင့် စိန်ချယ်(၂)လမ်းထောင့်၊ အလျား၂၀ ပေx အနံ ၆၀ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးခင်မောင်ဝင်း မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၃၀၀၃၀] မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်၍ ရောင်းချလိုပါကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းကိုလတ် မှတ်ပုံတင်အမှတ် [၁၂/ကမန(နိုင်)၀၇၈၂၅၈] ထံ ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို (၁၇ - ၃ -၂၀၂၄) ရက်နေ့တွင် ပေးချေထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ယင်းမြေနှင့်ပတ်သက်သည့် တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကိုလတ် [၁၂/ကမန(နိုင်)၀၇၈၂၅၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာထွန်း(LL.B, D.B.L,Dip in English)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၅၉)**
**အမှတ်(၇၅/ဘီ)၊ စိန်ပန်းလမ်း၊ (၅)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ်(၂၂)၊ ၅၃လမ်းတွင် နေထိုင်သော (ဖခင်) ဦးဘရန်အောင်၊ ၁/မကန(နိုင်)၀၁၅၉၀၅ (မိခင်) ဒေါ်ဆွမ်လွတ်ရှယ်ဂျီး ၁/မကန(နိုင်)၀၁၉၃၈၂ တို့၏ တစ်ဦးတည်းသောသားဖြစ်သူ ဆွတ်ဆင်းအောင် ၁၂/ဗတထ(နိုင်)၀၄၅၅၃၆ သည် မိဘစကားနားမထောင်ဘဲ ဆိုဆုံးမ၍မရ မိဘများအား အသိပေးခြင်း မပြုဘဲ မိမိသဘောဖြင့် ပြုလုပ်သည့်ကိစ္စအဝဝကို မိဘနှစ်ပါးမှ စိတ်ဆင်းရဲရခြင်း။ ဂုဏ်သိက္ခာကျဆင်းရခြင်းများဖြစ်ပေါ်ခံစားရပါသဖြင့် ဆွတ်ဆင်းအောင်အား ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး နောက်နောင်တွင် မည်သည့်ကိစ္စကိုမှ တာဝန်ယူပေးမည် မဟုတ်ကြောင်းကို ဆွတ်ဆင်းအောင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဘရန်အောင် + ဒေါ်ဆွမ်လွတ်ရှယ်ဂျီး

## "လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်းနှင့်၅၂လမ်းထောင့်၊ အမှတ်(၉၅)တွင်တည်ရှိသော MYGO MYANMAR COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၉၆၈၄၀၂၃)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ လျှောက်လွှာနံပါတ် T/2024/000549 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည် -

VTP Myanmar
BEYOND YOUR EXPECTATION

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် LOGISTIC လုပ်ငန်းများ (သယ်ယူပို့ဆောင်ရေး၊ အကောက်ခွန်ရှင်းလင်းရေး၊ ဂိုဒေါင်ဝန်ဆောင်မှု၊ ပို့ဆောင်ဖြန့်ဝေရေး)၊ ကုမ္ပဏီ၏ ကုန်သွယ်မှုအမည်၊ စီးပွားရေးစီမံခန့်ခွဲမှုစသည့် ကုမ္ပဏီ၏စီးပွားရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ONLINE မှ ဝန်ဆောင်မှုလုပ်ငန်းတွင် ကိုယ်စားပြုအမှတ်တံဆိပ်အဖြစ် အသုံးပြုခြင်းများအပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အားမည်သည့်ပုံစံဖြင့် မဆိုမိုငြမ်းတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလိုတရားစွဲဆို ဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် တံဆိပ်အမှတ်အသားအမည်တို့ကို ဖျက်သိမ်းပျက်ပြယ်သွားသည်အထိ ဆက်လက် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**MYGO MYANMAR COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ခိုင်ဆုဝေ** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် - ၁၄၅၃၇)** | **(စဉ်-၅၂၀၆၅)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ (၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)ဟာသာလမ်း မြေကွက်အမှတ်(၉၀/က)ဧရိယာ(၀.၀၆၁)ကေ၊ ဦးလှိုင်ဝါး အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်+မြေကွက်အမှတ်(၉၀/ခ)ဧရိယာ(၀.၀၆၄)ကေ၊ဒေါ်တင်တင်ကျော် အမည်ပေါက်သော နှစ်(၆၀)ဂရန်မြေကွက်၊ အဆိုပါမြေ(၂)ကွက်ပေါ် ရှိနေအိမ် တို့အားအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်အမှတ်(၉၀/က)၊ဧရိယာ(၀.၀၆၁)ကေကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ-ချန်လှိုင်ဝါး(ခ)ဦးလှိုင်ဝါး(၁၂/ဥကတ(ဧည့်)၀၀၀၁၅၁)ကလည်းကောင်း၊ မြေကွက်အမှတ်(၉၀/ခ) ဧရိယာ(၀.၀၆၄)ကေကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ-ဒေါ်တင်တင်ကျော်(J/RGN-၀၅၈၁၅၄)ကလည်းကောင်း၊ တရားဝင်ပိုင်ရှင်များအဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်များနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

| | | |
|---|---|---|
| **ဦးသန့်ဇင် ( LL-B )** | **ဒေါ်ဟန်နွေနိုင်( LL-B)** | အမှတ်(၁၀)၊ပထမထပ်၊အခန်း(D-2) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄) | ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 | ရန်ကုန်တိုင်းဒေသကြီး။ |

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ အောင်စည်းခုံဘုရားလမ်း၊ အမှတ်-ဘီ/၄၇ နေ ဒေါ်ဝင်းသဉ္ဇာခိုင်(ဘ)ဦးဌေးဝင်း မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၂၂၀၅၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ တိုက်(၉)၊ အခန်း(၂၀၁)၊ အောင်ဇေယျအိမ်ရာရှိ အဆိုပါတိုက်ခန်းမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းသဉ္ဇာခိုင်၏အဘွားအရင်းဖြစ်သူ ဒေါ်အေးအမည်ဖြင့် အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သောတိုက်ခန်းဖြစ်ပါသည်။ ဒေါ်အေးမှာ (၁၄-၄-၂၀၁၅)ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပြီးနောက် ကျန်ရှိခဲ့သောအမွေဆိုင်တိုက်ခန်းအား ယနေ့အချိန်ထိ အမွေဝေစုခွဲဝေခြင်းမျိုး မပြုလုပ်ရသေး ပါသောကြောင့် အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းသဉ္ဇာခိုင်မသိရှိဘဲ ရောင်းချခြင်းမပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ချယ်ရီအောင်(LL.B)** | **ဒေါ်စိုးသန္တာဌေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၀၈၇)** |

**ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အင်းစိန်စုပေါင်းရုံးဝင်း။ ဖုန်း-၀၉-၆၅၁၆၅၉၉၆၂၊ ၀၉-၇၉၂၉၀၆၂၈၇**

## ဦးထွန်းနေမင်း ၁၁/မပန (နိုင်) ၁၁၉၇၁၄ မန်နေးဂျင်းဒါရိုက်တာ ZIN TUN WIN 999 CO.;LTD နှင့် အများသိစေရန်ကြေညာချက်

ဒေါ်ဝါဝါဝင်း ၁၂/ဒဂမ(နိုင်)၀၁၃၂၁၇ ၏ လွှဲအပ်တာဝန်ပေးချက်အရ ကြေညာလိုသည်မှာ ZIN TUN WIN 999 CO.;LTD အတွက် Overseas Employment Agency Licence for Thailand အား ဦးထွန်းနေမင်း အမည်ဖြင့် သက်ဆိုင်ရာဌာနတွင် လျှောက်ထားထုတ်ယူအသုံးပြုရာ၌ဖြစ်စေ၊ ဆက်သွယ်ရန်လိပ်စာဖော်ပြရာ၌ဖြစ်စေ၊ ကုမ္ပဏီအမည်ဖြင့် Facebook Page ၌ဖြစ်စေ ထိုကုမ္ပဏီ၏လိပ်စာကို အမှတ်(၉)၊ ရှင်တစ်ရာလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန် ဟုဖော်ပြအသုံးပြုထားသည်ကို လွန်ခဲ့သောရက်ပိုင်းခန့်က သိရှိထားရပါသည်။

ZIN TUN WIN 999 CO.;LTD သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါဝင်းဝယ်ယူပိုင်ဆိုင်လက်ရှိထားအကျိုးခံစားနေသော အမှတ်(၉)၊ ရှင်တစ်ရာလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိအိမ်မြေတွင် မည်သည့်အချိန်ကမျှ ရုံးခန်းဖွင့်လှစ်အလုပ်လုပ်ကိုင်ခြင်း လုံးဝမရှိပါကြောင်း၊ ထိုကုမ္ပဏီနှင့် ဒေါ်ဝါဝါဝင်း (သို့မဟုတ်) ဒေါ်ဝါဝါဝင်းပိုင်ထိုအိမ်မြေတို့မှာ သက်ဆိုင်ခြင်းအလျဉ်းမရှိပါကြောင်း၊ ဒေါ်ဝါဝါဝင်းအား အသိပေးခွင့်တောင်းခြင်းမရှိဘဲ ဒေါ်ဝါဝါဝင်းပိုင်အိမ်နှင့်မြေ၏လိပ်စာကို တရားမဝင်ဖော်ပြအသုံးပြုထားခြင်း ဖြစ်ပါကြောင်း၊ ထိုကုမ္ပဏီနှင့်ပတ်သက်ပြီး အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဒေါ်ဝါဝါဝင်းပိုင်ဆိုင်သော အမှတ်(၉)၊ ရှင်တစ်ရာလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေရပ်လိပ်စာအား ဆက်သွယ်မေးမြန်းစုံစမ်းခြင်းတို့ပြုလုပ်ခွင့်မရှိပါကြောင်း၊ ထိုကိစ္စအတွက် ဦးထွန်းနေမင်းထံသို့ (၇-၃-၂၀၂၄)နေ့က အကြောင်းကြားစာပေးပို့ထားပြီးဖြစ်ပါကြောင်း၊ လိုအပ်သည်များကိုလည်း တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်တာဝန်ပေးချက်အရ -
**ဒေါ်ချိုချိုမြင့် ( LL . B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၅)**
အမှတ်(၄၀)၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ 09-5074650

## ဦးခင်ဇော်[၇/ညလပ(နိုင်)၀၄၈၅၀၂]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် (၆၀၈)နေ ဦးအေးသိန်း[၇/ပခန(နိုင်)၁၃၇၄၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)ရှိ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးအထူးဇုန်(၁)၊ အကွက်(၂)၊ မြေကွက်အမှတ် (ရှေ့ပြေး-၅၇)၊ ဧရိယာ(၅)ကေရှိသော မြေကွက်(၁)ယူနစ်နှင့် မြေကွက်အမှတ်(ရှေ့ပြေး-၅၆)၊ ဧရိယာ(၅)ကေရှိသော မြေကွက်(၁)ယူနစ် စုစုပေါင်း(၂)ယူနစ်၊ ဧရိယာ(၁၀)ကေမှာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးအေးသိန်း[၇/ပခန(နိုင်)၁၃၇၄၉၁]က(၂၀၀၂) ခုနှစ်မှစ၍ ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ခဲ့သော မြေကွက်များဖြစ်ပြီး ယင်းမြေကွက်များအပေါ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သက်ဆိုင်ရာ၏ ညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် လုပ်ကိုင်လျက်ရှိသည်မှာ ယခုအချိန်ထိတိုင် ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် ယင်းမြေကွက်များအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်းမရှိခဲ့ပါ။ (၁၈-၁၀-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာ-၂၂၊ ကော်လံ-၁ ပါ လူကြီးမင်းတို့၏ အများသိစေရန် ကြော်ငြာသည် မှန်ကန်မှုမရှိသော ကြော်ငြာဖြစ်သည့်အတွက် ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် နောက်နောင်တွင် ယခုကဲ့သို့ဖြစ်ရပ်များ ထပ်မံဖြစ်ပေါ်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအေးသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်လင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၂၇/၂၀၁၂)**
**အမှတ်(၈၃)၊ အခန်း(၁၄-အေ)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၄၁၃၈၂**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**သီရိပျံချီ ဦးသိန်းညွှန့်**

**အသက်(၇၇)နှစ်**

နေပြည်တော်နေ ဒေါ်ကျင်ခိုင်၏ ခင်ပွန်းဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး သီရိပျံချီ ဦးသိန်းညွှန့်သည် ၁၇-၃-၂၀၂၄ ရက် (တနင်္ဂနွေနေ့) ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး ဒေါ်မေမြင့်မောင်**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ နေပြည်တော်မြို့တော်ဝန်(ငြိမ်း)

**သီရိပျံချီ ဦးသိန်းညွှန့်**

**အသက် (၇၇)နှစ်**

နေပြည်တော် ပုဗ္ဗသီရိမြို့ နေ ဒေါ်ကျင်ခိုင်၏ခင်ပွန်း၊ ဒေါ်တင်မြင့်၏မောင်၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း)၊ နေပြည်တော်မြို့တော်ဝန်(ငြိမ်း)၊ သီရိပျံချီ ဦးသိန်းညွှန့် အသက် (၇၇)နှစ်သည် ၁၇-၃-၂၀၂၄ ရက်(တနင်္ဂနွေနေ့) ည ၁၁:၄၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုဝန်ကြီး(ငြိမ်း) ဒေါက်တာသန်းထွန်းနှင့် ဇနီး ဒေါ်သန်းသန်းဌေး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)

နေပြည်တော်မြို့တော်ဝန်(ငြိမ်း)

**သီရိပျံချီ ဦးသိန်းညွှန့်**

**အသက်(၇၇)နှစ်**

တပ်မတော်သားဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝ၊ ခက်ထန်သောကာလတစ်လျှောက် တစ်ဦးအပေါ် တစ်ဦးချစ်ကြင်နာကြ လေးစားကြပြီး၊ တန်ဘိုးထားတတ်ကြသော မိသားစုမှ ညီငယ်သီရိပျံချီ ဦးသိန်းညွှန့် သည် ၁၇-၃-၂၀၂၄ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူညီမဒေါ်ကျင်ခိုင် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

အငြိမ်းစားရဲမှူးချုပ်တင်စိုး-(ဒေါ်အမာတင်) မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်မင်း**

**တေဇ(၉)**

**ဒုညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်နယ်စည်ပင်၊ မြစ်ကြီးနားမြို့**

**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏနေ [ဒုဗိုလ်မှူးကြီး ထွန်းရှိန်(ငြိမ်း)-ဒေါ်မြဆွေ]တို့၏ သားသမက်၊ မြစ်ကြီးနားမြို့နေ (ဦးတင်မောင်-ဒေါ်လဖွန်ထန်လွမ်း)တို့၏ သား၊ ဒေါ်စပယ်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးရန်နိုင်အောင်-ဒေါ်ဆုနန္ဒာလှိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်အောင်ဘုန်းပြည့်၏ ချစ်လှစွာသောဘိုးဘိုး ဦးအောင်မင်း (၆၃)နှစ် သည် ၁၈-၃-၂၀၂၄ (တနင်္လာနေ့) ည ၁၀ နာရီတွင် မြစ်ကြီးနားမြို့၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်မြို့မှ ညီအစ်ကိုမောင်နှမနှင့် တူ/တူမများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ မြေကွက်အမှတ် (၅၁၉/ခ)၊ မြေကွက်တည်နေရာအမှတ် (၅၁၉)၊ ရွှေညာမြေလမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်နှင်းကြည် [၁၂/သဃက(နိုင်)၀၁၀၈၇၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်နှင်းကြည်(မိခင်)သည်(၈-၃-၂၀၁၆)ရက်နေ့တွင်လည်းကောင်း၊ ဦးသိန်းဖေ(ဖခင်)သည် (၂၆-၁၀-၁၉၆၂)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်ခင်သန်း [၁၂/သဃက(နိုင်)၀၁၀၈၉၆]က တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာ- ၁၈၈၀/၂၀၂၃ (၁၁-၇-၂၀၂၃)၊ သေစာရင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ဦးသိန်းဖေ၏ သေစာရင်းထုတ်ပေးခြင်း မပြုနိုင်ပါကြောင်း အကြောင်းကြားစာ၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်ခင်သန်းထံမှ (GP) ၁၁၉၆၉/၂၀၂၃၊ ၂၆-၆-၂၀၂၃ ဖြင့်ရသူ ဒေါ်သီတာညွှန့် [၁၂/သဃက(နိုင်)၁၃၈၆၈၃]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ- ၁၈၇၅/၂၀၂၃ (၁၁-၇-၂၀၂၃) တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**သီရိပျံချီ ဦးသိန်းညွှန့်**

**အသက်(၇၇)နှစ်**

နေပြည်တော်နေ ဒေါ်ကျင်ခိုင်၏ ခင်ပွန်းဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး သီရိပျံချီ ဦးသိန်းညွှန့်သည် ၁၇-၃-၂၀၂၄ ရက် (တနင်္ဂနွေနေ့) ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**

**နေပြည်တော်မြို့တော်ဝန်(ငြိမ်း)**

## သီရိပျံချီ ဦးသိန်းညွှန့်

**အသက်(၇၇)နှစ်**

သူငယ်ချင်း ၁၇-၃-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၂)**

**ကျောင်းဆင်းသူငယ်ချင်းမိသားစုများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်သစ်

**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ (ဦးဝင်းဆွေ-ဒေါ်သန်းကြည်)တို့၏ သားကြီး၊ (ဦးကံဦး-ဒေါ်အုန်းမြင့်)တို့၏ သားသမက်၊ ဒေါ်သူဇာသစ်၊ ဦးဗညားမောင်-ဒေါ်သီရိထိုက်စံ၊ ဦးလွှမ်းကျော်မိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်အေးမြင့်၏ခင်ပွန်း ဦးမောင်မောင်သစ် အသက်(၇၉)နှစ်သည် ၂၀-၃-၂၀၂၄ (ဗုဒ္ဓဟူးနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၂၂-၃-၂၀၂၄ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## မောင်ဟိန်းဝင့်သူ

**အသက် (၂၆)နှစ်**

ပါမောက္ခ ဒေါက်တာစည်သူ (ပါမောက္ခ/ဌာနမှူး၊ ဆေးတက္ကသိုလ်-မန္တလေး)-ဒေါက်တာ မာလာနီ တို့၏ သားဦး မောင်ဟိန်းဝင့်သူ (FINAL PARTII M.B.,B.S)သည် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်) ၁၈-၃-၂၀၂၄ (တနင်္လာနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်အရိုးရောဂါပညာဌာန မိသားစု**

**ဆေးတက္ကသိုလ် -၂ ရန်ကုန်**

## အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- က၊ မြေကွက်အမှတ်- ၇၀၃၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၇၀၃)၊ နွယ်သာကီ (၂)လမ်း၊ (က)ရပ်ကွက်၊ ဦးရဲလွင်[၁၂/ဥကမ(နိုင်)၁၂၉၄၈၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးရဲလွင်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်- ၇၇၀၉/၂၀၂၃/၁-၉-၂၀၂၃ ဖြင့် ရရှိသူ ဒေါ်သက်သက်မာ [၁၂/ဥကမ(နိုင်)၀၁၆၅၆၁]၊ ဒေါ်ခင်မာသက်[၁၂/ဥကမ(နိုင်) ၁၄၉၁၁၇]တို့မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသောကြောင့် အမှုတွဲအမှတ်- မဥ/ဂရန်မိတ္တူ -၂၀၂၃၀၂၆၉၉၉/၂၀၂၃/၁၉-၉-၂၀၂၃ ဖြင့် ဂရန်မိတ္တူမှန်လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့ မြေစာရင်းတွင် မြေငှားစာချုပ်အမှတ်-မဥ/က-၃၈၃(၆-၉-၉၃)ဖြင့် ထုတ်ပေးထားသည့် မူရင်းဂရန်ကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

ဓမ္မပါလဆွမ်းလောင်းဓမ္မာရုံ ဥပါသကာ

## ဦးလှရွှေ

**မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)၊ အမှတ်(၁၀)သစ်စက်(သန်လျင်)**

**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ်(၇၂၄)၊ ယမနေ(၅)လမ်းနေ ဦးညွှန့်အောင်-ဒေါ်အေးကြည်တို့၏ သား၊ ဦးမြစိန်-ဒေါ်အုန်းတင်တို့၏ သားသမက်၊ ဦးစိုးနိုင် (ပညာရေး-၅၊ တောင်ငူ)-ဒေါ်လေးလေးမြင့် (အလယ်တန်းကျောင်းအုပ်၊ ပန်းတနော်)၊ ဦးကျော်စွာထွန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်သူဇာဝင်းမော် (အထက်တန်းရှေ့နေ)တို့၏ ဖခင်၊ မောင်ရွှေဘုန်းသျှန်(ရွှေမိုး)၏ အဘိုး၊ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးလှရွှေသည် ၁၉-၃-၂၀၂၄ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၃-၂၀၂၄ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ၂၁-၃-၂၀၂၄ ရက် မွန်းလွဲ ၂:၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ရက်လည်ဆွမ်းကပ်လှူဒါန်းပြီး ရေစက်ချ အမျှအတန်းပေးဝေလိုပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပေးပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းခြင်း

## ဒေါ်ရင်ရွှင်

**အသက်(၆၄)နှစ်**

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်တွင် ဒုတိယဥက္ကဋ္ဌ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)တွင် ဥက္ကဋ္ဌအဖြစ် ၂၀၁၁ မှ ၂၀၁၄ ထိ တာဝန်ထမ်းဆောင်ခဲ့သော ဦးရန်အောင် (နယူးစတား စိန်ရွှေရတနာရောင်းဝယ်ရေး)၏ ချစ်လှစွာသောဇနီးဖြစ်သူ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရင်ရွှင် အသက်(၆၄)နှစ်သည် ၁၆-၃-၂၀၂၄ ရက် (စနေနေ့) ည ၁၁:၂၀ နာရီခန့်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သောင်ကြီးမြောက်၊ မြေကွက်အမှတ်(၄၅၂/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲတွင် ဦးစိုးမြင့်(D/RGN-၀၀၇၆၅၀) အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၅၂/က)၊ သုခိတာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အမည်ပေါက်ထံမှ ဆက်စပ်အရောင်းအဝယ်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီး ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဒေါ်စောညွှန့် [၁၂/ဥကတ(နိုင်)၀၆၁၅၉၃]မှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**

**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း


နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဦးသန်းထွန်းအောင် [၉/ပမန(နိုင်)၀၁၅၄၄၄]၊ အဖအမည် ဦးချင်းချောင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၄၈၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၅၇၉/၂၀၂၃ (၂၆-၉-၂၀၂၃) ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမင်းသက်ထိန်[၁၂/ကမတ(နိုင်)၀၆၉၂၂၅] အဖအမည် ဦးထိန်ဝင်းမှ ဒေါ်သက်သက်ညွှန့်[၁၂/စခန(နိုင်)၀၃၆၀၄၆]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အပေါ်ရေတိုင်ကီ ရေပြည့်သည်နှင့် ရေတင်စက်ကို အလိုအလျောက်ရပ်စေမည့် စနစ်အား အသုံးပြုပါ။ ရေများ လျှံကျသည်ကို မြင်ရ ကြားရမှ ရေမော်တာကို ပြေးပိတ်ခြင်းက လျှပ်စစ်လေလွင့်မှု ဖြစ်စေပါသည်။ မီတာခ ပို၍ ကုန်စေပါမည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည်ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း မြှင့်တင်ပေးနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

**နေပြည်တော် မတ် ၂၀**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အပါအဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာ မျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ★

---

**ယနေ့ ဖတ်စရာ**

**ကလေးမြို့တွင် အကြမ်းဖက်သမားများမိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများထိခိုက်သေဆုံးလျက်ရှိသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၄

**ဘူးသီးတောင်မြို့ရှိ ရပ်ကွက်/ ကျေးရွာများမှ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်ရှိ မြို့၊ ရွာများအတွင်း တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်** စာမျက်နှာ » ၁၅

---

## ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မြန်မာနှင့် ဆီးရီးယား ယနေ့ကစားမည်

**ရန်ကုန် မတ် ၂၀**

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲကို မတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း ဆီးရီးယားလက်ရွေးစင်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**သုဝဏ္ဏကွင်း၌ ကျင်းပမည်**

ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (ခ) တွင် ကျရောက်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် တတိယပွဲအဖြစ် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မတ် ၂၁ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆



မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်။